မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်၊ ၂၀၀၈ ခုနှစ်၊ ဇွန် ၂၈ ရက်၊ စနေနေ့၊ အတွဲ (၄၇)၊ အမှတ် (၂၆၇)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ရန်ကုန်တိုင်း ပြည်ခိုင်ဖြိုးအသင်းက ဆောက်လုပ်လှူဒါန်းသော အခြေခံပညာကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်ပွဲ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်

ရန်ကုန် ဇွန် ၂၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆောက်လုပ်လှူဒါန်းသော အခြေခံပညာ ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ရန်ကုန်မြို့ကို မြို့အင်္ဂါရပ်နှင့်အညီ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တက်ရောက်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ) ဦးအောင်သိန်းလင်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ နံနက် ၇နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ၅ရပ်ကွက် ပင်းယလမ်းရှိ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆောက်လုပ်လှူဒါန်းသော အမှတ်(၂၅) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

စာမျက်နှာ ၉ ကော်လံ ၁ ●

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆောက်လုပ်လှူဒါန်းသော တောင်ဥက္ကလာပမြို့နယ် အမှတ်(၆)အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း သတင်းဆောင်းပါး အညွှန်း

ဒေသခံ ပြည်သူများ၏ လူမှု စီးပွားဘဝ ဖွံ့ဖြိုးမှုနှင့် အသက်ဘေးမှ ကာကွယ်မှုပေးနိုင်မည့် သာပေါင်း-ကဒုံကနိ လမ်းပိုင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

မောင်မောင်ထွေး(သတင်းစဉ်)၏ သတင်းဆောင်းပါး စာ - ၁၃ တွင် ဖတ်ရှုနိုင်ပါသည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဇွန် ၂၈ ရက်)

ကုန်သွယ်မှုလုပ်ငန်းများ သွက်လက်မြန်ဆန်ရေး အခြေခံအဆောက်အအုံများ တည်ဆောက်ပေး

နိုင်ငံကိုခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရာတွင် ပို့ဆောင်ရေးကဏ္ဍသည် အရေးပါသည့် ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ဖြစ်ပြီး အခြားသောကဏ္ဍများကို ထိရောက်စွာ အထောက်အကူပြုပေးနေသော လုပ်ငန်းတစ်ရပ်ဖြစ်သည်။

နိုင်ငံတစ်ဝန်း ဒေသအားလုံးမျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ကားလမ်း၊ ရထားလမ်းနှင့် မြစ်ကူးချောင်းကူး တံတားသစ်ကြီးများစွာကို ကွန်ရက်သဖွယ် တိုးချဲ့ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိရာ ပြည်သူများ လွယ်ကူစွာကူးသန်းဆက်သွယ်သွားလာနိုင်ကြပြီး ကုန်ထုတ်လုပ်မှု တိုးတက်ရေးနှင့် လူမှုစီးပွားဘဝ မြင့်မားလာစေရေးကို အကျိုးပြုနေကြပြီ ဖြစ်သည်။

လေကြောင်း ပို့ဆောင်ရေးကဏ္ဍအနေဖြင့် နိုင်ငံတကာနှင့် ကူးသန်းဆက်သွယ်ရေး၊ စီးပွားကုန်သွယ်ရေးနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း မြှင့်တင်ရေးတို့အတွက် အပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်များ တည်ဆောက်ပေးမှု၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆင့်မြှင့်တိုးချဲ့မှု၊ ပြည်နယ်နှင့်တိုင်းများ၌ လေယာဉ်ကွင်းများ ပြေးလမ်းတိုးချဲ့မှုတို့ကို ဆောင်ရွက်ပေးခဲ့သည်။

အလားတူ နိုင်ငံတကာ ရေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းအပါအဝင် အပြည်ပြည်ဆိုင်ရာ သင်္ဘောဆိပ်ကမ်း ခုနစ်ခု တည်ဆောက်ပေးထားရာ ကုန်တန်ချိန်တစ်သောင်းကျော် တင်ဆောင်နိုင်သည့် ကုန်သေတ္တာသင်္ဘောနှင့် အထွေထွေကုန်စည်သင်္ဘော နှစ်ဆယ့်သုံးစင်း တစ်ပြိုင်တည်း ဆိုက်ကပ်နိုင်ကြောင်းသိရသည်။

အဆိုပါ ဆိပ်ကမ်းများတွင် ကုန်းတွင်းကုန်သေတ္တာစခန်းအပါအဝင် ကုန်သေတ္တာစခန်းများ၊ ခေတ်မီကုန်တင်ကုန်ချကိရိယာများ တည်ဆောက်ထားသည့်အပြင် ပင်လယ်ကူးကုန်သင်္ဘောကြီးများ အလွယ်တကူဝင်ထွက်သွားလာနိုင်ရန် မြစ်ကြောင်းကြီးများအတွင်း ရေလမ်းကြောင်း ရှင်းလင်းမှုကို စနစ်တကျ စီမံဆောင်ရွက်ထားသည်။

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က လိုအပ်ချက်များကို ဖြည့်ဆည်းဖော်ဆောင်ပေးလျက်ရှိရာ တိုင်းရင်းသားပြည်သူများက အခြေခံကောင်းများကို ထိရောက်စွာအသုံးပြုပြီး နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

နိုင်ငံတော်က လမ်းပန်းဆက်သွယ်မှု အခြေခံအဆောက်အအုံများကို တိုးချဲ့ဖောက်လုပ် တည်ဆောက်ပေးလျက်ရှိရာ ကုန်သွယ်မှုလုပ်ငန်းများ သွက်လက်လျင်မြန်လာသည်နှင့်အမျှ ကုန်စည်ကူးသန်းရောင်းဝယ်ဖောက်ကားမှု ပိုမိုတိုးပွားလာပြီး ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သမိုင်းဝင် အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်း တည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဇွန် ၂၇

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် ကျောက်တံတားမြို့နယ် ၃၆လမ်း(အလယ်) နေ ဒုတိယဗိုလ်မှူးကြီး ကိုကိုလေး-ဒေါ်ဝါဝါမင်း၊ သား မောင်အာကာမိုး၊ သမီး မရွှေရည်ဝင်းပွင့် မိသားစုက အလှူငွေကျပ် နှစ်သိန်းကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးသိန်းထွန်း၊ ဦးဟံညွန့်နှင့် ဦးအေးမြင့်တို့က လက်ခံယူကြသည်။(အောက်ပုံ) (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၈-၆-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂:၀၀	၁။	မြဝတီအဖွင့်
၁၂:၀၅	၂။	အဖွင့်သီချင်း
၁၂:၁၀	၃။	မျိုးချစ်တပ်မတော်
၁၂:၂၅	၄။	ကျန်းမာသုတ
၁၂:၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ကမ်းလွန်ပင်လယ်ပြင်ကို ဗဟိုပြု၍ ဒွေး၊ နေအောင်၊ နန္ဒာလှိုင်**
၁၃:၅၀	၆။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၁၅	၄။	မြန်မာသံစဉ်ချိုနားဝင်
၄:၂၀	၅။	မျိုးချစ်တပ်မတော်
၄:၂၅	၆။	အမျိုးသားရေးတေးကဗျာ
၄:၃၅	၇။	တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၄:၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀	၉။	ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြား သတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၃။	အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၆:၄၅	၁၄။	လျှပ်တစ်ပြက်
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပျော်ရွှင်ပါစေ** (အပိုင်း-၃၈)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	လူရွှင်တော်ရွှေဖလား
	၂၀။	English Usage
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှင်းတောင်သူရဲကောင်း** (အပိုင်း -၃)

ကမ္မဋ္ဌာန်းနည်းပြဆရာကြီး ဦးသန်းရွှေ(ဒလ-အုံ့ကြီး)၏ သမထဝိပဿနာတရားပွဲ

ရန်ကုန် ဇွန် ၂၇

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထဝိပဿနာတရားတော်များကို ဒလ-အုံ့ကြီး ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ (ဒလ-အုံ့ကြီး)က ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းလုပ်သားများဓမ္မာရုံကြီးတွင် ဇူလိုင် ၁ရက်မှ ၇ရက်အထိ နေ့တရားစခန်းကို နံနက်၇နာရီမှ ညနေ၄နာရီခွဲအထိ လည်းကောင်း၊ မြေနီကုန်းအောင်တော်မူလမ်းထောင့်နှင့် ကျောင်းလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတိုက်ရှိ သာသနာ့ဗိမာန်တော်ကြီးတွင် ဇူလိုင် ၈ရက်မှ ၁၄ရက်အထိ ညနေ၅နာရီ မှ ၆နာရီခွဲအထိလည်းကောင်း၊ ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်းရှိ သာဓုကာရီဓမ္မာရုံကြီးတွင် ဇူလိုင်၂၃ရက်မှ၂၉ရက်အထိလည်းကောင်း ဟောကြားပို့ချမည်ဖြစ်ရာ မည်သူမဆိုလာရောက် တရားအားထုတ်နိုင်ကြောင်း သိရသည်။ (က-ပ)

မိုးကုတ်ဝိပဿနာအဖွဲ့ ချုပ် ဘောဇနဆောင်အတွက် ဆက်လက်လှူဒါန်း

ရန်ကုန် ဇွန် ၂၇

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် ၈၂ နတ်မောက်လမ်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးအတွင်း စုပေါင်းဆောင်ရွက်ဆောက်လုပ်ဆဲဖြစ်သော လေးထပ်ဘောဇနဆောင်အတွက် ဦးငွေလင်း-ဒေါ်မိုးမိုးဦး မိသားစု အမှတ် ၆၅၂/E၊ မြဝတ်ရည်လမ်း သွယ် သဃ်န်းကျွန်းက အလှူငွေကျပ် ၁၀သိန်း၊ ဦးခင်မောင်-ဒေါ်ထွန်းထွန်း၊ သားသမီး၊ မြေးမြစ်တစ်စု ပုဇွန်တောင်က ငွေကျပ်တစ်သိန်း၊ ဦးသက်လွင်-ဒေါ်မွှေးမွှေး မိသားစုဗဟန်းက ငွေကျပ်တစ်သိန်း၊ ဒေါက်တာခင်မြဝင်း ရန်ကုန်မြို့က ငွေကျပ်တစ်သိန်း၊ ဦးချစ်စိန်-ဒေါ်သန်းစိန်မိသားစု အလုံက ငွေကျပ်တစ်သိန်း၊ ဦးစိုးဝင်း-ဒေါ်ညွန့်ညွန့်အေးမိသားစု ဒေါပုံက ငွေကျပ်တစ်သိန်း၊ ဦးစိုးအောင်-ဒေါ်ညွန့်ရင်မိသားစု ဒဂုံမြို့နယ်က ငွေကျပ်တစ်သိန်း၊ ရေသူအပြုံးမိသားစု ဗိုလ်တထောင်က ငွေကျပ်နှစ်သိန်း၊ ဒေါ်ခင်မြမွှေးနေ့အလှူ ဗဟန်းက ငွေကျပ်တစ်သိန်းနှစ်သောင်း၊ ဒေါ်စိန်ခိုင်မိသားစုအလုံက ငွေကျပ်နှစ်သိန်းနှင့် ဒေါ်ခင်ထွေးရီမိသားစု ဗဟန်းက ငွေကျပ်တစ်သိန်း အသီးသီးလှူဒါန်းကြသည်။ စုပေါင်းဆောင်ရွက် လှူဒါန်းလိုပါက ဖုန်း-၅၄၁၈၆၀သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)



မိုးကုတ်ဝိပဿနာအဖွဲ့ ချုပ် ဝါတွင်းအထူး ၁၀ရက် တရားစခန်းပွဲများ

ရန်ကုန် ဇွန် ၂၇

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်၈၂ နတ်မောက်လမ်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးအတွင်း နှစ်စဉ်မပျက် လစဉ်မပျက် ကျင်းပလျက်ရှိသော ဝါတွင်းကာလ အထူးတရားစခန်းပွဲများကို ဇူလိုင် ၂၃ရက်မှ ဩဂုတ်၁ရက် (ဝါဆိုလပြည့်ကျော် ၆ ရက်မှ ၁၅ရက်)အထိ ဆရာတော် ဘဒ္ဒန္တဇနိတာလင်္ကာရကလည်းကောင်း၊ ဩဂုတ်၇ရက်မှ ၁၆ရက် (ဝါခေါင်လဆန်း ၆ရက်မှ၁၅ရက်)အထိ ဆရာတော်ဦးအဂ္ဂဉာဏကလည်းကောင်း၊ ဩဂုတ် ၂၂ရက်မှ ၃၁ရက် (ဝါခေါင်လပြည့်ကျော် ၆ရက်မှ ၁၅ရက်)အထိ ဆရာတော်ဘဒ္ဒန္တပဏ္ဍိတ (ဒွိပိဋကဓရ)က လည်းကောင်း၊ စက်တင်ဘာ ၅ရက်မှ ၁၄ရက် (တော်သလင်းလဆန်း ၆ရက်မှ ၁၅ရက်)အထိ အောင်စကြာအရှင်စန္ဒသိရီကလည်းကောင်း၊ စက်တင်ဘာ ၂၀ရက်မှ ၂၉ ရက် (တော်သလင်းလပြည့်ကျော် ၆ရက် မှ၁၅ရက်)အထိ ဒေါက်တာစန္ဒာဝရာဘိဝံသကလည်းကောင်း၊ အောက်တိုဘာ၅ရက်မှ၁၄ရက် (သီတင်းကျွတ်လဆန်း ၆ရက်မှ ၁၅ရက်)အထိ ရွှေမြင့်မိုရ်ဆရာတော် ဘဒ္ဒန္တသောဘဏ(တစ်ပုံဆောင်)ကလည်းကောင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်သည်။ အသေးစိတ်သိလိုပါက ဖုန်း-၅၄၁၈၆၀သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဇွန် ၂၆ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းက ဖတ်ကြားစဉ်။ (၁၇၁)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်
ဂုဏ်ပြုစာတမ်းဖတ်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၇

၂၀၀၈ ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဂုဏ်ပြုစာတမ်းဖတ်ပွဲကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ခန်းမဆောင်၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ စာတမ်းဖတ်ပွဲသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ ဗဟိုအလုပ်အမှုဆောင်များနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ကြင်မြိုင်နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် စာတမ်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌဒေါ်ခင်ခင်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ဖတ်ကြားတင်သွင်း

ထို့နောက် စာတမ်းဖတ်ပွဲကို ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာရှင်၊ အတတ်ပညာရှင်များအဖွဲ့ဝင် ဒေါက်တာဒေါ်ခင်အုန်းသန့်က ဆောင်ရွက်ပြီး စာတမ်းရှင်ရန်ကုန်စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာနမှ ပါမောက္ခ ဒေါက်တာ ဒေါ်ခင်စန်းရီက "မြန်မာနိုင်ငံ အသေးစားဘဏ္ဍာရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုနှင့် အမျိုးသမီးများကဏ္ဍ" စာတမ်းကိုလည်းကောင်း၊ စာတမ်းရှင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခင်ထားမေက "လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် အမျိုးသမီးရေးရာအခန်းကဏ္ဍ" စာတမ်းကိုလည်းကောင်း၊ စာတမ်းရှင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ အတွင်းရေးမှူးနှင့် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက "မြန်မာအမျိုးသမီးများ၏ အားကစားနှင့် ကျန်းမာရေး" စာတမ်းကိုလည်းကောင်း ဖတ်ကြားတင်သွင်းကြကာ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို စာတမ်းရှင်များက ပြန်လည်ဖြေကြားကြပြီး စာတမ်းဖတ်ပွဲကို ခေတ္တရပ်နားသည်။

ပြန်လည်ဖြေကြား

မွန်းလွဲပိုင်းတွင် စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် အမျိုးသား စာပေဆုများရှင် စာရေးဆရာမကြီး ဒေါက်တာဒေါ်တင်ဝင်း (ဒေါက်တာမတင်ဝင်း)က ဆောင်ရွက်ပြီး စာတမ်းရှင် ရန်ကုန်ပညာရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(အငြိမ်းစား) ဒေါ်ထူးထူးအောင်က "လူတိုင်းအတွက် ပညာရေးနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏အခန်းကဏ္ဍ" စာတမ်းကိုလည်းကောင်း၊ စာတမ်းရှင် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် စာပေပညာဌာနမှ လက်ထောက်ကထိက ဒေါက်တာ ဒေါ်လှဲ့လှဲ့အောင်က "အမျိုးသား ယဉ်ကျေးမှုနှင့် မြန်မာအမျိုးသမီးများ၏ကဏ္ဍ" စာတမ်းကိုလည်းကောင်း ဖတ်ကြားတင်သွင်းကြကာ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို စာတမ်းရှင်များက ပြန်လည်ဖြေကြားကြပြီး စာတမ်းဖတ်ပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာအမျိုးသမီးများနေ့

၂၀၀၈ ခုနှစ်၊ ဇူလိုင်လ (၃) ရက်

MYANMAR WOMEN'S DAY

3rd July 2008

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဂုဏ်ပြုစာတမ်းဖတ်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဂုဏ်ပြုစာတမ်းဖတ်ပွဲတွင် နံနက်ပိုင်း သဘာပတိအဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာရှင်၊ အတတ်ပညာရှင်များ အဖွဲ့ဝင် ဒေါက်တာ ဒေါ်ခင်အုန်းသန့် ဆောင်ရွက်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဂုဏ်ပြုစာတမ်းဖတ်ပွဲတွင် မွန်းလွဲပိုင်း သဘာပတိအဖြစ် အမျိုးသားစာပေဆုများရှင် စာရေးဆရာမကြီး ဒေါက်တာဒေါ်တင်ဝင်း (ဒေါက်တာမတင်ဝင်း) ဆောင်ရွက်စဉ်။ (သတင်းစဉ်)

ဂုဏ်ယူဝင့်ကြွား မြန်မာအမျိုးသမီးများ

* သာသနာတည်တံ့၊ မြဲခိုင်ခံ့ရန်
ရှင်းသန့်သဒ္ဓါ၊ စေတနာဖြင့်
ရဲရင့်လှူဒါန်း၊ ဒါနစွမ်းကြောင့်
မှတ်တမ်းဘွဲ့ရ၊ နဂူဟ....။

* စာပေအရာ၊ ထူးချွန်တာကြောင့်
မြန်မာတွင်မက၊ ကမ္ဘာကပင်
သိမြင်ဂုဏ်ပြု၊ စာပေဆုဖြင့်
ချီးမြှင့်ခံရ၊ ထိုက်တန်စွ....။

* ကုန်သွယ်စီးပွား၊ စွမ်းဆောင်အားကို
တိုင်းခြားသိမြင်၊ မှတ်တမ်းဝင်၍
ဂုဏ်တင်ချီးမြှင့်၊ အဆင့်မြင့်အောင်
စွမ်းဆောင်ဆုရ၊ ပြည်ပမှ....။

* အားကစားစုံစွာ၊ နိုင်ငံတကာ၌
မြန်မာအသင်း၊ ရွှေငွေဝင်းကာ
အာဆီယံပွဲ၊ ချန်ပီယံစွဲ၍
အောင်ပွဲတွေရ၊ မြန်မာမ....။

* အသိပညာ၊ အတတ်ပညာနှင့်
ကျန်းမာဘက်စုံ၊ အလုပ်ရုံများ
ကုန်ထုတ်စွမ်းအား၊ ဆင့်မြင့်မားအောင်
ကြိုးစားနေကြ၊ အလုပ်သမ....။

* သားကောင်းမိခင်၊ လွန်ပီပြင်လျက်
ပခက်လွဲထား၊ ထိုလက်များသည်
လူသားကောင်းကျိုး၊ ထမ်းသယ်ပိုး၍
အကျိုးပြုနေကြ၊ မိန်းမလှ....။ ။

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုလျက်–

နန်းမွန်ဟိန်း

တောင်သူများအား စိုက်ပျိုးစရိတ်ထုတ်ချေး

ရန်ကုန် ဇွန် ၂၇

မော်လမြိုင်ကျွန်းမြို့နယ် လေဘောသင့်ကျေးရွာများရှိ စပါးစိုက်လယ်ဧကရှိသူ ယခင်က တစ်ကြိမ်မျှ မချေးဖူးသူများ အပါအဝင် မည်သည့်တောင်သူကိုမဆို တစ်ဧကလျှင် ငွေကျပ် ၈၀၀၀နှုန်းဖြင့် မိုးရာသီစိုက်ပျိုးစရိတ် ဘဏ်ချေးငွေများကို ဇွန် ၂၄ရက်မှစ၍ ထုတ်ချေးလျက်ရှိရာ ယနေ့အထိ တောင်သူဦးရေ ၆၀၊ လယ်ဧက ၃၃၄၇ ဧက အတွက် စုစုပေါင်းချေးငွေကျပ် ၂၆၇၇၆၀၀၀ ထုတ်ချေးပြီး ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဂုဏ်ပြုစာတမ်းဖတ်ပွဲတွင် စာတမ်းရှင် ရန်ကုန်စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာနမှ ပါမောက္ခ ဒေါက်တာဒေါ်ခင်စန်းရီ "မြန်မာနိုင်ငံ အသေးစားဘဏ္ဍာရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုနှင့် အမျိုးသမီးများ ကဏ္ဍ" စာတမ်းကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဂုဏ်ပြုစာတမ်းဖတ်ပွဲတွင် စာတမ်းရှင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် စာပေပညာဌာနမှ လက်ထောက်ကထိက ဒေါက်တာဒေါ်လှဲ့လှဲ့အောင် "အမျိုးသားယဉ်ကျေးမှုနှင့် မြန်မာအမျိုးသမီးများ၏ ကဏ္ဍ" စာတမ်းကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဂုဏ်ပြုစာတမ်းဖတ်ပွဲတွင် စာတမ်းရှင် ရန်ကုန်ပညာရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (အငြိမ်းစား) ဒေါ်ထူးထူးအောင် "လူတိုင်းအတွက် ပညာရေးနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အခန်းကဏ္ဍ" စာတမ်းကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဂုဏ်ပြုစာတမ်းဖတ်ပွဲတွင် စာတမ်းရှင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခင်ထားမေ "လူကုန်ကူးမှု တိုက်ဖျက်ရေးနှင့် အမျိုးသမီးရေးရာအခန်းကဏ္ဍ" စာတမ်းကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဂုဏ်ပြုစာတမ်းဖတ်ပွဲတွင် စာတမ်းရှင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ အတွင်းရေးမှူးနှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီ "မြန်မာအမျိုးသမီးများ၏ အားကစားနှင့် ကျန်းမာရေး" စာတမ်းကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

သောက်သုံးရေစီမံကိန်းများ ပူးတွဲဆောင်ရွက်ရန် အိန္ဒိယနှင့်စင်ကာပူတို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

စင်ကာပူ ဇွန် ၂၇

နှစ်နိုင်ငံရေအရင်းအမြစ်များဆိုင်ရာ စီမံကိန်းများနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရန် စင်ကာပူနှင့်အိန္ဒိယနိုင်ငံတို့က ဇွန် ၂၆ရက်၌ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးကြသည်။

အဆိုပါ နားလည်မှုစာချွန်လွှာအရ အိန္ဒိယနိုင်ငံရှိ မြို့ကြီးများနှင့် အခြားမြို့ငယ်များတွင် သောက်သုံးရေသန့်ရှင်းမှုနှင့် ရေပြန်တီးမှုမရှိစေရေးတို့ အပါအဝင် သောက်သုံးရေသန့်ရှင်းမှုကို အထောက်အကူဖြစ်စေမည့် အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို ပူးတွဲဆောင်ရွက်ကြမည်ဖြစ်သည်။

ဒုတိယအများဆုံး

၎င်းစီမံကိန်းလုပ်ငန်းများအရ စင်ကာပူအခြေစိုက် ကုမ္ပဏီများက အိန္ဒိယနိုင်ငံ မဟာရာထရာပြည်နယ်ရှိ သောက်သုံးရေစီမံကိန်းများကို တာဝန်ယူ ဆောင်ရွက်မည်ဖြစ်သည်။ အဆိုပါပြည်နယ်မှာ အိန္ဒိယနိုင်ငံ၌ လူဦးရေဒုတိယအများဆုံး ပြည်နယ်ဖြစ်သည်။

ပူးတွဲဆောင်ရွက်

ထို့အတူ အိန္ဒိယမြို့ကြီးများဖြစ်သည့် မွမ်ဘိုင်းနှင့် နယူးဒေလီကဲ့သို့သော မြို့ကြီးများတွင်လည်း သောက်သုံးရေသန့်ရှင်းစွာရရှိရေးလုပ်ငန်းများကို ပူးတွဲဆောင်ရွက်သွားမည်ဖြစ်သည်။

(အင်တာနက်)

ပြသထား

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ တိုမိုယူကီဘိုရှီ တက္ကသိုလ်ကျောင်းသားများ၏ သိပ္ပံနှင့်နည်းပညာပြပွဲကို အမျိုးသားပြတိုက်၌ပြသထားရာ ဇွန်၂၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ရေကြောင်းလုံခြုံရေးဆိုင်ရာ ပူးတွဲလေ့ကျင့်မှု မလေးရှားနှင့်ဖိလစ်ပိုင်တို့ တိုးမြှင့်ဆောင်ရွက်

ကွာလာလမ်ပူ ဇွန် ၂၇

မလေးရှားနှင့် ဖိလစ်ပိုင်နှစ်နိုင်ငံအနေဖြင့် ပင်လယ်ရေကြောင်းဆိုင်ရာ ဆက်သွယ်ရေးနှင့် လုံခြုံရေးကဏ္ဍကို တိုးမြှင့်ဆောင်ရွက်ရန် သဘောတူညီမှုအရ ပူးတွဲလေ့ကျင့်မှု ပြုလုပ်လျက်ရှိကြောင်း ဇွန် ၂၅ရက်တွင် မလေးရှားနိုင်ငံပိုင်သတင်းဌာနက ထုတ်ပြန်ကြေညာသည်။

စတင်ပြုလုပ်

အဆိုပါ သဘောတူညီမှုတွင် မလေးရှားနိုင်ငံအရှေ့ပိုင်း ဆာဘာပြည်နယ်၌ ရေတပ်ဆိုင်ရာ ပူးပေါင်းလေ့ကျင့်မှုကို ဇွန် ၂၄ရက်က စတင်ပြုလုပ်ခဲ့ကြောင်း မလေးရှားနိုင်ငံ အမျိုးသားအေဂျင်စီက သတင်းထုတ်ပြန်သည်။

ယင်းပူးပေါင်းလေ့ကျင့်မှုသည် ယခုနှစ်အတွင်း (၆)ကြိမ်မြောက်ဖြစ်ကြောင်း၊ နှစ်နိုင်ငံရေတပ်အရာရှိနှင့် တပ်ဖွဲ့ဝင်ပေါင်း၂၅၀ခန့် ပါဝင်လေ့ကျင့်လျက်ရှိရာ ထိုသို့ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်ခြင်းဖြင့် ရေကြောင်းစွမ်းရည် မြင့်မားတိုးတက်စေရန် ရည်ရွယ်ထားရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်၌ မိုဘိုင်းလ်ဖုန်းအသုံးပြုမှု နိုင်ငံလူဦးရေ ထက်ဝက်ခန့်ရှိ

ပေကျင်း ဇွန် ၂၇

တရုတ်နိုင်ငံအတွင်း ယခုနှစ် မေလကုန်အထိ မိုဘိုင်းလ်ဖုန်းအသုံးပြုသူ ၅၉၂ သန်းရှိကြောင်း၊ ၎င်းမှာနိုင်ငံလူဦးရေ၏ ထက်ဝက်နီးပါးခန့်ရှိကြောင်း သိရသည်။

တိုးမြင့်

ယခုနှစ် ပထမငါးလအတွင်း မိုဘိုင်းလ်ဖုန်း အသုံးပြုမှု ၄၄ဒသမ၈သန်းရှိရာ ဆက်သွယ်ရေးကဏ္ဍအနေဖြင့် နိုင်ငံဘဏ္ဍာဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၄၈ဘီလီယံအထိရရှိပြီး ယခင်နှစ်ကာလကထက် ၉ဒသမ၆ရာခိုင်နှုန်း တိုးမြင့်လျက်ရှိကြောင်း သတင်းပြန်ကြားရေး နည်းပညာနှင့် စက်မှုဝန်ကြီး ဌာနက ဇွန်၂၅ရက်၌ သတင်းထုတ်ပြန်သည်။

ရင်းနှီးမြှုပ်နှံ

တရုတ်နိုင်ငံ၏ ကြိုးဖုန်းထုတ်လုပ်သည့် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ယခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၁၁ဘီလီယံရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်၌ ပေါက်ကွဲမှုဖြစ်ပွား ဗြိတိသျှတပ်ဖွဲ့ဝင်များသေဆုံး

လန်ဒန် ဇွန် ၂၇

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းရှိ တောင်ကြားဒေသတစ်ခု၌ ဇွန် ၂၄ရက်တွင် အင်အားပြင်းသော ပေါက်ကွဲမှုဖြစ်ပွားရာ ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အကြမ်းဖက်တိုက်ခိုက်

အဆိုပါ တပ်ဖွဲ့ဝင်မှာ အမှတ်(၄) လေထီးတပ်ရင်းမှဖြစ်ပြီး ၎င်းဒေသအတွင်း တာလီဘန်လက်နက်ကိုင်တို့၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး ထပ်မံသေဆုံးခဲ့ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

ပါဝင်ခဲ့

လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်အတွင်း တာလီဘန် လက်နက်ကိုင်များ၏ တိုက်ခိုက်မှုကြောင့် ဗြိတိသျှတပ်ဖွဲ့ဝင်၁၁ဦး သေဆုံးခဲ့ရကြောင်း၊ သေဆုံးသူများတွင် အမျိုးသမီးတပ်ဖွဲ့ဝင်တစ်ဦး ပါဝင်ခဲ့သည်။

တပ်ဖြန့်ချထား

၂၀၀၁ ခုနှစ်ကတည်းက အာဖဂန်၌ နိုင်ငံစုံတပ်ဖွဲ့ဝင်များ တပ်ဖြန့်ချထားလျက်ရှိရာ ဇွန် ၂၇ရက်အထိ ဗြိတိသျှတပ်ဖွဲ့ဝင် ၁၀၈ဦး သေဆုံးခဲ့ပြီး ဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

ကမ္ဘာ့မြို့ကြီးအချို့၏ မိုး/လေ အခြေအနေ

ဟောင်ကောင် ဇွန် ၂၇

အာရှ-ပစိဖိတ်ဒေသမှ မြို့ကြီးအချို့၏ ဇွန် ၂၇ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဟောင်ကောင်အခြေစိုက် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ရာသီဥတုခန့်မှန်းရေးဌာနက အောက်ပါအတိုင်း သတင်းထုတ်ပြန်ထားသည်-

နိုင်ငံ	မြို့	အပူချိန်	ရာသီဥတုအခြေအနေ
တရုတ်	ပေကျင်း	၃၀°C	လေပြင်းတိုက်၊ မိုးရွာ
တောင်ကိုရီးယား	ဆိုးလ်	၂၈°C	တိမ်ထူထပ်
ဂျပန်	တိုကျို	၂၄°C	တိမ်ထူထပ်
ဖိလစ်ပိုင်	မနီလာ	၃၃°C	လေပြင်းတိုက်၊ မိုးရွာ
ဗီယက်နမ်	ဟနွိုင်း	၃၄°C	မိုးရွာ
ထိုင်း	ဗန်ကောက်	၃၅°C	လေပြင်းတိုက်၊ မိုးရွာ
မလေးရှား	ကွာလာလမ်ပူ	၃၃°C	လေပြင်းတိုက်၊ မိုးရွာ
စင်ကာပူ	စင်ကာပူ	၃၂°C	လေပြင်းတိုက်၊ မိုးရွာ
အိန္ဒိယ	မွမ်ဘိုင်း	၃၀°C	လေပြင်းတိုက်၊ မိုးရွာ
ပါကစ္စတန်	ကရာချိ	၃၆°C	တိမ်ထူထပ်
အင်ဒိုနီးရှား	ဂျကာတာ	၃၃°C	တိမ်ထူထပ်
သြစတြေးလျ	ဆစ်ဒနီ	၁၈°C	သာယာ

(အင်တာနက်)

ဆေးဝါးနှင့် ကျန်းမာရေးပစ္စည်းများ တောင်ကိုရီးယားက မြောက်ကိုရီးယားသို့ပေးပို့

ဆိုးလ် ဇွန် ၂၇

တောင်ကိုရီးယားနိုင်ငံက မြောက်ကိုရီးယားသို့ ကျန်းမာရေး အကူအညီပေးမှုအဖြစ် ဆေးဝါးမျိုးစုံကို သင်္ဘောဖြင့်ပေးပို့ခဲ့ကြောင်း တောင်ကိုရီးယားအရာရှိများက ဇွန် ၂၆ရက်၌ ပြောကြားသည်။

အဆိုပါ ဆေးဝါးများတွင် ငှက်ဖျားရောဂါတိုက်ဖျက်ဆေးများ၊ ခြင်ထောင်ပေါင်း ၁၀၀၀၀၀၊ ဖျားနာမှုများကို စစ်ဆေးကုသနိုင်သည့် ဆေးသေတ္တာများနှင့်အခြား ကျန်းမာရေးဆိုင်ရာ အသုံးအဆောင်များ ပါဝင်ကြောင်း ၎င်းတို့က ပြောကြားသည်။

ပို့ဆောင်ပေးခဲ့

၎င်းပစ္စည်းများကို တောင်ကိုရီးယားနိုင်ငံ အင်ချွမ်းမြို့ဆိပ်ကမ်းမှ မြောက်ကိုရီးယားနိုင်ငံ နမ်ပိုဆိပ်ကမ်းသို့ ပို့ဆောင်ပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဆေးဝါးနှင့်အသုံးအဆောင်ပစ္စည်းများ၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁ဒသမ ၂၂သန်းဖိုးရှိသည်။

ပြောကြား

မြောက်ကိုရီးယားနိုင်ငံတွင် ငှက်ဖျားရောဂါဖြစ်ပွားမှုများသော အချိန်ကာလ မတိုင်မီ ယခုကဲ့သို့လိုအပ်သော ထောက်ပံ့ပစ္စည်းများကို ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယား နိုင်ငံမှ ကျန်းမာရေးအရာရှိများက ပြောကြားသည်။

(အင်တာနက်)

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားပြည်နယ်၌ ဟွန်ဒါမော်တော်ဆိုင်ကယ် ထုတ်လုပ်သည့် စက်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို ဇွန် ၂၇ရက်ကတွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တောမီးလောင်

ဂရိနိုင်ငံ အေသင်မြို့၌ တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်လျက်ရှိရာ လေယာဉ်ဖြင့် မီးငြိမ်းသတ်နေသည်ကို ဤသို့ တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

အသင့်ထုပ်ပိုးထားသော အစားအစာများရောင်းချမှု ယူအေအီးရှိ စာသင်ကျောင်းဈေးဆိုင်များ၌ ပိတ်မည်

အဘူဒါဘီ ဇွန် ၂၇

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး) ပညာရေးဆိုင်ရာ အာဏာပိုင်များက နိုင်ငံအတွင်းရှိ စာသင်ကျောင်းများတွင် အစားအစာရောင်းချသောဆိုင်များ၌ အသင့်ထုပ်ပိုးထားသည့် အစားအစာများရောင်းချမှုကို ပိတ်ပင်တော့မည်ဖြစ်ကြောင်း ယူအေအီးမီဒီယာများက ဇွန်၂၆ရက်၌ ဖော်ပြသည်။ အသင့်ထုပ်ပိုးထားသည့် အစားအစာများသည် ကျောင်းသားများကို အဝလွန်မှုနှင့် ဆီးချိုရောဂါတို့ဖြစ်ပွားစေနိုင်သဖြင့် ပိတ်ပင်ခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် လူငယ်များအဝလွန်မှုနှင့် ဆီးချိုရောဂါမဖြစ်ပွားစေရန် တိုက်ဖျက်ခြင်းလည်းဖြစ်ကြောင်း သိရသည်။

ဆောင်ရွက်သွားမည်

ယူအေအီးတွင်လာမည့် စက်တင်ဘာလ၌ စတင်မည့်ပညာသင်နှစ်အတွက် နိုင်ငံတွင်းရှိစာသင်ကျောင်းများတွင် ကျန်းမာရေးအဆင့်မြှင့်တင်မှု အစီအစဉ်သစ် တစ်ရပ်အဖြစ်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယူအေအီးပညာရေးဝန်ကြီးဌာနက ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်၌ ဖော်ပြသည်။

ယူအေအီးနိုင်ငံအတွင်းရှိ စာသင်ကျောင်းများမှ အစားအစာရောင်းချသည့်ဆိုင်များတွင် အသင့်ထုပ်ပိုးထားသော အစားအစာများနှင့် အဝလွန်မှုကို အားပေးသော အစားအစာများနေရာ၌ လတ်ဆတ်သော သစ်သီး၊ သဘာဝသစ်သီးဖျော်ရည်၊ နို့နှင့်အဆီထုတ်ထားသော နို့ထွက်ပစ္စည်း စသည့်ကျန်းမာရေးအထောက်အကူပြုသည့် အစားအစာများနှင့် အစားထိုးရောင်းချစေမည်ဖြစ်ကြောင်း ယူအေအီး ပညာရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးဖြစ်သူ အာမက်အဗ္ဗဒူရာမင်က ပြောကြားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း ပြည်ပသတင်းနောက်ဆုံးဖြစ်ရပ်များ ၂၇-၆-၂၀၀၈

ဂျာဗားကျွန်းအနောက်ပိုင်း၌ လေယာဉ်ငယ်ပျက်ကျ

ဂျကာတာ ဇွန် ၂၇

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းအနောက်ပိုင်းရှိ ဆာလိခ်တောင်အနီးတွင် ၁၈ဦး စီးနင်းလိုက်ပါလာသော အင်ဒိုနီးရှားစစ်ဘက်ပိုင် လေယာဉ်ငယ်တစ်စင်း ပျက်ကျသွားခဲ့ကြောင်း၊ လေယာဉ်ပေါ်၌ စီးနင်း လိုက်ပါလာသူများ၏ အခြေအနေကိုမူ မသိရှိရသေးကြောင်း အန်တာရာ သတင်းဌာနက သတင်းထုတ်ပြန်သည်။

လေယာဉ်မှာ ပုံသန်းစဉ်အတွင်း လေကြောင်း ထိန်းသိမ်းရေးဌာနနှင့် အဆက်အသွယ် ပြတ်တောက်သွားခဲ့သည်။

ဂျကာတာမြို့တော်မှ လေယာဉ်ရှာဖွေရေးအဖွဲ့ဝင်များသည် ဆာလိခ်တောင်အနီးရှိ ကျေးရွာသူကျေးရွာသားများနှင့်အတူ ပျက်ကျသွားသော လေယာဉ်ငယ်ကို ရှာဖွေလျက်ရှိကြောင်း သိရသည်။

ရေနံဈေးနှုန်းစံချိန်တင်မြင့်တက်

ကူဝိတ်စီးတီး ဇွန် ၂၇

ရေနံ ထုတ်လုပ် ရောင်းချရေးအဖွဲ့ (အိုပက်)က ရေနံဈေးနှုန်းများ မြင့်တက်လာမည်ဟု ကြေညာပြီးနောက် ပထမဆုံးအကြိမ် ရေနံဈေးနှုန်းမှာ ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၄၀အထိ စံချိန်တင် မြင့်တက်လာခဲ့သည်။

ရေနံဈေးနှုန်းမှာ ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၅၀အထိ မြင့်တက်လာနိုင်ကြောင်း အိုပက်အဖွဲ့က ပြောကြားသည်။

အလုပ်လက်မဲ့ဦးရေ ဘရာဇီး၌လျော့ကျလာ

ဘရာဆီးလီးယား ဇွန် ၂၇

ဘရာဇီး နိုင်ငံအတွင်းရှိ အလုပ်လက်မဲ့ ဦးရေမှာ ဧပြီလအတွင်း ၈ ဒသမ ၅ ရာခိုင်နှုန်း ရှိရာမှ မေလအတွင်း ၇ ဒသမ ၉ ရာခိုင်နှုန်းသို့ ကျဆင်းသွားခဲ့ကြောင်း၊ ယင်းမှာ ၂၀၀၂ ခုနှစ်မှစတင်၍ အလုပ်လက်မဲ့ဦးရေ အနည်းဆုံးလဖြစ်ကြောင်း ဘရာဇီးအလုပ်သမား ဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

၂၀၀၈ခုနှစ်၏ ပထမငါးလတာ ကာလအတွင်း အလုပ်အကိုင်သစ် ၁ ဒသမ ၀၅သန်းကို ဖန်တီးပေးနိုင်ခဲ့ကြောင်း ယင်းသတင်းထုတ်ပြန်ချက်တွင် ပါရှိသည်။

ယခုပထမနှစ်ဝက်အတွင်း ဘိုလီးဘီးယား၌ ကိုကင်း ၁၂တန်ဖမ်းမိ

အရီကွေပါ ဇွန် ၂၇

ဘိုလီးဗီးယားနိုင်ငံအတွင်း ၂၀၀၈ခုနှစ် ပထမနှစ်ဝက်အတွင်း ကိုကင်း ၁၂တန်နှင့် ဆေးခြောက်တန်ချိန် ၁၁၁၀ကို ဖမ်းဆီးနိုင်ခဲ့ကြောင်း ဘိုလီးဗီးယားမူးယစ်တိုက်ဖျက်ရေးအာဏာပိုင်အဖွဲ့က ပြောကြားသည်။

ထို့ပြင် မူးယစ်စစ်ဆင်ရေးလုပ်ငန်း ၅၇၀၈ခုကို ဆင်နွှဲခဲ့ပြီး မူးယစ်ဆေးဝါး ပြုလုပ်ရာတွင် အသုံးပြုသည့် ဓာတ်ခွဲခန်း ၂၆၀၃ခုကို ပိတ်ပစ်နိုင်ခဲ့ကြောင်း၊ ဇန်နဝါရီလမှ ဇွန်လအတွင်း မူးယစ်မှောင်ခိုရောင်းဝယ်သူ ၂၀၁၃ဦးကိုဖမ်းဆီးနိုင်ခဲ့ရာ ယင်းတို့အနက် ၁၆၂ဦးမှာ နိုင်ငံခြားသားများဖြစ်ကြောင်း သိရသည်။

ပေကျင်းတိရစ္ဆာန်ဥယျာဉ် အဆင့်မြှင့်တင်

ပေကျင်း ဇွန် ၂၇

ပေကျင်း တိရစ္ဆာန်ဥယျာဉ်သို့ လာရောက်လည်ပတ်သည့် ဧည့်သည်များ စိတ်ကျေနပ် ပျော်ရွှင်နိုင်ရန်အတွက် အိုလံပစ်ပွဲတော်မတိုင်မီ အဆင့်မြှင့်တင်ရေး လုပ်ငန်းများကို လုပ်ကိုင်သွားမည်ဖြစ်သည်။

တိရစ္ဆာန်များအား သဘာဝအတိုင်းနီးပါး သွားလာနေထိုင်ရန် ပြင်ဆင်ဆောင်ရွက်မည်ဖြစ်ပြီး အိုလံပစ်ပွဲတော်အတွက် စီချွမ်ပြည်နယ်မှ ပေးပို့သည့် အိုလံပစ်ပန်ဒါရှစ်ကောင်မှာလည်း ပေကျင်း တိရစ္ဆာန်ဥယျာဉ်သို့ ရောက်ရှိနေပြီဖြစ်သည်။

သူတို့ အတွေးနှင့် အမြင်

* *Time and tide wait for no man.*

အချိန်နှင့်ဒီရေသည် လူကိုမစောင့်။

အရစ္စတိုတယ် (ဂရိအတွေးအခေါ်ပညာရှင်)

* *No pain no gain.*

အနာမခံက အသာမစံရ။

ရှိတ်စပီးယား (အင်္ဂလိပ်ပြဇာတ်နှင့်ဝတ္ထုရေးဆရာ)

တရုတ်နိုင်ငံ စင်ကျင်းယူဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ကျင်းပလျက်ရှိသည့် စင်ကျင်း အပြည်ပြည်ဆိုင်ရာ ပဒေသာကပွဲတွင် တရုတ်ယဉ်ကျေးမှုအဖွဲ့၏ ဖျော်ဖြေမှုပြကွက်တစ်ကွက်ကို ဇွန်၂၆ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်တွင် ချိုင့်ကျင်းကြီးတွေ့ရှိ

အာကာသသိပ္ပံ



ဝါရှင်တန် ဇွန် ၂၇

နာဆာမှစေလွှတ်ထားသော အင်္ဂါဂြိုဟ်လေ့လာရေးယာဉ် ဖီးနစ်သည် အင်္ဂါဂြိုဟ်မျက်နှာပြင်(ယာပုံ)ကို လေ့လာတူးဆွမှုများ ပြုလုပ်စဉ် အလွန်ကြီးမားသော ချိုင့်ကျင်းကြီးတစ်ခုကို တွေ့ရှိခဲ့ကြောင်း နာဆာက ဇွန် ၂၆ရက်၌ သတင်းထုတ်ပြန်သည်။

တွေ့ရှိ

အဆိုပါ ချိုင့်ကျင်းကြီးသည် အင်္ဂါဂြိုဟ်မျက်နှာပြင်၏ မြောက်ဘက်တွင် တွေ့ရှိရခြင်းဖြစ်ပြီး အကျယ်မိုင် ၆၅၀၀ခန့်ရှိသည်။

၎င်းချိုင့်ကျင်းကြီးအနေအထားမှာ အင်္ဂါဂြိုဟ်မျက်နှာပြင်၏ ၄၀ရာခိုင်နှုန်းခန့်ရှိကြောင်း နာဆာကပြောကြားသည်။

ယခုတွေ့ရှိရသည့် ချိုင့်ကျင်းကြီးသည် လွန်ခဲ့သော နှစ်ပေါင်း ၃ဒသမ ၉ ဘီလီယံခန့်က အလွန်ကြီးသော ဥက္ကာပုံကြီးတစ်ခု အင်္ဂါဂြိုဟ်ပေါ်ကျရောက်ခဲ့ခြင်း သို့မဟုတ် အင်္ဂါဂြိုဟ်ရှိ မီးတောင်တစ်ခု ပေါက်ကွဲခဲ့ခြင်းတို့ကြောင့် ဖြစ်နိုင်ကြောင်း၊ အသေးစိတ်အချက်အလက်များရရှိအောင် ကြိုးစားလေ့လာသွားမည်ဖြစ်ကြောင်း နာဆာမှ အာကာသသိပ္ပံပညာရှင်များက ပြောကြားသည်။

(အင်တာနက်)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ဘဝအမောပြေ

မှန်မှန်ပြောစမ်းပါ....

ကျန်းမာရေးမကောင်းသည့် ဇနီးသည်က သူ၏ခင်ပွန်းဖြစ်သူကို စိုးရိမ်စိတ်ဖြင့် မေးမြန်းလေသည်။

ဇနီး ။ ။ ရှင့်ကို မေးစရာရှိတယ်...
ခင်ပွန်း ။ ။ ဘာများမေးစရာရှိလဲ...နေကောင်းအောင်သာနေပါကွာ...
ဇနီး ။ ။ ကျွန်မမေးတာအမှန်အတိုင်း ဖြေရမယ်နော်...
ခင်ပွန်း ။ ။ အေးပါ၊ ကဲ-မေးလေ...
ဇနီး ။ ။ ကျွန်မသေသွားခဲ့ရင် ရှင်နောက်အိမ်ထောင်ပြုမှာ မဟုတ်လား...
ခင်ပွန်း ။ ။ မင်းကလဲကွာ...မဟုတ်တာ...
ဇနီး ။ ။ ကဲပါ...မှန်မှန်ပြောစမ်းပါ...
ခင်ပွန်း ။ ။ အတန်ငယ်စဉ်းစားပြီးနောက်... မင်းနဲ့တူတဲ့ နောက်အမျိုးသမီး တစ်ယောက်ကိုတော့ ရှာယူမှာပါ...
ဇနီး ။ ။ "ဘာ"

နိုင်ငံတကာမှုခင်းဖြစ်ရပ်

အတိတ်မှအရိပ်က ဖမ်းစားလေသောအခါ....

ဘရင့်ဝုဒ် စီရင်စုမြို့လေးသည် အမေရိကန်နိုင်ငံ နယူးဟမ့်ရှိုင်းယားနယ်ရှိ လူဦးရေလေးသိန်းခွဲခန့် နေထိုင်သော မြို့လေးဖြစ်သည်။ အတန်အသင့် စည်ကားပြီး အေးချမ်းဆိတ်ငြိမ်သော မြို့လေးလည်းဖြစ်သည်။ ထိုမြို့ကလေးတွင် လွန်ခဲ့သော နှစ်နှစ်ဖြစ်သည့် ၂၀၀၆ခုနှစ်က ထူးဆန်းအံ့သြ ထိတ်လန့်ဖွယ်ကောင်းသော မှုခင်းဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့သည်။

နေထိုင်ခဲ့

ထို့မြို့လေးတွင် ရှီလာလာဘာရီဆိုသော အမျိုးသမီး နေထိုင်သည်။ သူမသည် အခင်းဖြစ်ပွားချိန် ၂၀၀၆ခုနှစ်တွင် ၄၇နှစ်ရှိပြီး အမှုရင်ဆိုင်သည့်အချိန် ၂၀၀၈ခုနှစ်တွင် ၄၉နှစ်အရွယ်ရှိနေပေပြီ။ သူမသည် လယ်ယာမြေကေမျာစွာ ပိုင်ဆိုင်သော လူချမ်းသာစာရင်းဝင် တစ်ဦးဖြစ်သည်။ သို့သော် သူမသည် အိမ်ထောင်မပြုဘဲ အပျိုဘဝဖြင့် လွတ်လွတ်လပ်လပ် နေထိုင်ခဲ့သူဖြစ်သည်။

ထိုသို့ အိမ်ထောင်မပြုခဲ့ရခြင်းမှာ ရှီလာတွင် အကြောင်းရှိသည်။ သူငယ်စဉ် တက္ကသိုလ်ဝင်တန်း ကျောင်းသူဘဝက သူမတွင် အသည်းနှလုံးကွဲကြေကာ ရင်ကွဲပက်လက်ဖြစ်ခဲ့ရသော ဇာတ်လမ်းတစ်ပုဒ် ရှိခဲ့ဖူးသည်။ လာဘာရီတို့ နေထိုင်ရာအရပ်တွင် လီမာရစ်ချတ်ဆိုသည့် ကလေးအထူးကု ဆရာဝန်တစ်ဦးရှိသည်။ သူမ၏မိဘများသည် သားသမီး ၁၀ဦးမွေးဖွားခဲ့ရာ အကြီးယောကျ်ားလေး ခုနစ်ဦးနှင့် အငယ်သုံးဦးမှာ မိန်းကလေးများ ဖြစ်သည်။ ထိုအထဲတွင် သူမသည် အငယ်ဆုံးသမီးဖြစ်သည်။ သူမတို့ မောင်နှမမှာ နှစ်နှစ်ကြီး နှစ်နှစ်ငယ်များ ဖြစ်ကြသဖြင့် သူမ၏ အစ်ကိုအကြီးဆုံးသည် သူမထက် အသက် ၂၀ ကြီးလေသည်။ တစ်ဖန် ထိုကလေးအထူးကုဆရာဝန်သည် သူမထက် အသက် ၂၆နှစ်ကြီးကာ သူမတက္ကသိုလ်ဝင်တန်းရောက်စ ၁၆နှစ်အရွယ်တွင် ထိုဆရာဝန်ကြီးက ၄၂နှစ်အရွယ် ရှိနေပေပြီ။

> **ရှီလာမှာ ဒေါက်တာရစ်ချတ်အား အချစ်ကြီးခဲ့သည့်အတွက် အမျက်ကြီးကာ အမုန်းကြီး မုန်းလျက် နာကြည်းမဆုံးဖြစ်သွားခဲ့၊ ထိုအချိန်မှစကာ ရှီလာမှာ ယောကျ်ားများအပေါ်တွင် တန်ဖိုးထားချစ်ခင်ခြင်း မရှိဘဲ ကစားစရာသဖွယ် သဘောထားခဲ့။**

ချစ်ခင်စွဲလမ်း

ရှီလာ၏မိဘများသည် သားသမီး၁၀ဦးစလုံး၏ ကျန်းမာရေးကို ဒေါက်တာလီမာရစ်ချတ်ထံတွင်သာ အမြဲတမ်း ကုသလေ့ရှိသဖြင့် ယင်းဆရာဝန်သည် ရှီလာတို့မိသားစုဆရာဝန်သဖွယ်ဖြစ်လာခဲ့သည်။ ဒေါက်တာလီမာရစ်ချတ်သည် လူပျိုလူလွတ်တစ်ဦးဖြစ်ပြီး ကလေးဆရာဝန်ပီသစွာပင် ကလေးအလွန်ချစ်တတ်သူတစ်ဦး ဖြစ်သည်။ ရှီလာသည် ငယ်စဉ် ကလေးဘဝကတည်းက ဆေးကုသရင်း သူမအား ပြုစုကုသလာသူ ဆရာဝန်ကြီးအား ကလေးဘဝသံယောဇဉ်တွယ်မိရာမှ အပျိုဘော်ဝင်စ ၁၆နှစ်အရွယ်တွင် သံယောဇဉ်အရောင်ပြောင်းကာ အရူးအမူး ချစ်ခင်စွဲလမ်းမိခဲ့တော့သည်။ သူမကံကောင်းသည်ဟု ဆိုရပေမည်။ ဒေါက်တာလီမာရစ်ချတ်ကလည်း သူမအား ချစ်ခင်သကဲ့သို့ သူ့အပေါ်တွင်ထားရှိသော သူမ၏သံယောဇဉ် အတိုင်းအဆကို နားလည်ကာ သူမတက္ကသိုလ်ဝင်တန်းအောင်သည့်နှစ်တွင်ပင် ချစ်သူဘဝသို့ ရောက်ရှိသွားကြတော့သည်။

လက်ထပ်

ရှီလာအနေဖြင့် ငယ်ရွယ်သူမို့ ချစ်ခြင်းမေတ္တာကို ပွင့်လင်းစွာ သရုပ်ဖော်လိုသော်လည်း ဒေါက်တာလီမာရစ်ချတ်ကမူ သူ၏ ဆရာဝန်ဟူသော ဂုဏ်သိက္ခာ၊ လူကြီးဟူသောအသိဖြင့် အများရှေ့တွင် မှန်တမ်းသာ သူမအားဆက်ဆံပြခဲ့ပြီး လွတ်လပ်သည့်အချိန်တွင်သာ သူမအား အလိုလိုက် အကြိုက်ဆောင်ခဲ့လေသည်။ သူမဘွဲ့ရသည့် အချိန်တွင် ပတ်ဝန်းကျင်က မည်သို့ပင်ထင်မြင်ပါစေ သူမအား လက်ထပ်ယူမည်ဟုပြောသဖြင့် သူမဘွဲ့ရအောင် ကြိုးစားခဲ့ရာ လေးနှစ်အကြာ ၁၉၅၉ခုနှစ်တွင် ဘွဲ့ရခဲ့သည်။ ထိုအချိန်တွင် ဒေါက်တာလီမာရစ်ချတ်နှင့် ရှီလာတို့၏ ချစ်ဇာတ်လမ်းကို သိသွားသော ရှီလာ၏မိဘများက မိသားစုလိုဖြစ်နေသော ဒေါက်တာလီမာရစ်ချတ်အား သမီးဖြစ်သူနှင့် လက်ဆက်စေချင်သော်လည်း အသက်ကွာဟမှု တံတိုင်းကြီးခြားနေမှုကြောင့် မဖြစ်နိုင်ကြောင်း အလိမ္မာသုံးကာ နောက်ဆုတ်ရန် တောင်းပန်ခဲ့သည်။ ထို့အပြင် ငယ်ရွယ်သည့် ရှီလာ၏ ဘဝရှေ့ရေးကို ငဲ့ညှာရန် အနူးအညွတ် တောင်းဆိုမှုကြောင့် ဆရာသမားကောင်း ဒေါက်တာရစ်ချတ်မှာ ရင်နင့်ကြေကွဲစွာဖြင့်ပင် သူ မနှစ်သက်သော အမျိုးသမီးတစ်ဦးအား လက်ထပ်ယူခဲ့ရလေသည်။

လက်တုံ့ပြန်

ရှီလာမှာ အဖြစ်မှန်ကိုမသိဘဲ ဒေါက်တာရစ်ချတ်အား အချစ်ကြီးခဲ့သည့်အတွက် အမျက်ကြီးကာ အမုန်းကြီးမုန်းလျက် နာကြည်းမဆုံး ဖြစ်သွားခဲ့တော့သည်။ ထိုအချိန်မှစကာ ရှီလာမှာ ယောကျ်ားများအပေါ်တွင် တန်ဖိုးထားချစ်ခင်ခြင်းမရှိဘဲ ကစားစရာသဖွယ် သဘောထားခဲ့တော့သည်။ သူမ၏ချစ်ဦးသူ ဒေါက်တာလီမာရစ်ချတ်နှင့် လွဲခဲ့ရသည့်အတွက် အိမ်ထောင်လည်း မပြုခဲ့တော့ပေ။ ထိုအချိန်မှစပြီး ယောကျ်ားများအပေါ်တွင် အခွင့်သာတိုင်း လက်တုံ့ပြန် ကလဲ့စားချေရန် ကြိုးစားခဲ့တော့သည်။

စစ်ဆေးတွေ့ရှိ

ရှီလာသည် အထူးသဖြင့် ကလေးများနှင့် တိရစ္ဆာန်များအပေါ် ချစ်ခင်တတ်သည့် အမျိုးသားများအပေါ် လက်စားချေရန် ကြိုးစားခဲ့တော့သည်။ သူမ၏လယ်ယာတောသည် ဘော့စတွန်မြို့မှ မိုင် ၅၀အကွာ အီပီးအရပ်တွင်ရှိသည်။ ၂၀၀၅ခုနှစ်တွင် မိုက်ကယ်ဒီလိုဂီဆိုသူအား သတ်ခဲ့ပြီး ၎င်း၏အရိုးစုများကို သူမ၏ မြင်းတဲအတွင်းမှ တူးဖော်ရရှိခဲ့သည်။ ထို့အပြင် ၂၀၀၆ခုနှစ်တွင် ကင်နက်ကောင်တီကိုသတ်ခဲ့ပြီး ၎င်း၏အရိုးစုကို အမှိုက်ပုံးတွင် စွန့်ပစ်ထားခဲ့သည်။ ယင်းအမှိုက်ပုံးကို မီးရှို့စွန့်ပစ်ခဲ့သော်လည်း သက်ဆိုင်ရာတို့က စစ်ဆေးတွေ့ရှိခဲ့သည်။

ရှီလာလာဘာရီနှင့် ကင်နက်ကောင်တီ

ယင်းအမှုနှင့် ပတ်သက်၍ တရားရုံးတွင် အမှုရင်ဆိုင်ရာ ရှီလာလာဘာရီက သူမသည် ကလေးချစ်တတ်သူ အမျိုးသားများအား အပြစ်ပေးရန် တာဝန်ရှိသူဟု ထွက်ဆိုခဲ့သည်။ ထိုအမျိုးသားနှစ်ဦးသည် သူ၏တိရစ္ဆာန်များအား သတ်ဖြတ်ခဲ့သဖြင့် တုံ့ပြန်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟုလည်း ထွက်ဆိုခဲ့သည်။ ၂၀၀၈ခုနှစ် ဇွန် ၂၁ရက်တွင် သူမအား တရားရုံးက လျှော့ရက်မရှိ ထောင်ဒဏ်တစ်သက်တစ်ကျွန်း ချမှတ်ခဲ့သည်။

ယခုဖြစ်ရပ်တွင် သူမ၏ ရှေ့ရေးအတွက် သူမအား ဖွင့်မပြောသာခဲ့သဖြင့် ရင်နင့်ကြေကွဲစွာ သူမအား စွန့်လွှတ်အနစ်နာခံခဲ့သော ချစ်ဦးသူ ဒေါက်တာ လီမာရစ်ချတ်အပေါ် ရှီလာလာဘာရီက အထင်လွဲခဲ့သည်။ အတိတ်မှ အရိပ်က ဖမ်းစားခဲ့မှုကို ခံခဲ့ရသောကြောင့် ရာဇဝတ်မှု ကျူးလွန်ခဲ့သူ ရှီလာလာဘာရီ၏ ကြေကွဲဖွယ်၊ သင်ခန်းစာယူဖွယ် ဖြစ်ရပ်ကို ရေးသားဖော်ပြလိုက်ရပါကြောင်း။ ။

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

28-6 (05).pmd 1 6/28/2008, 2:56 AM

မြန်မာ့အလင်း မိုးလေဝသသတင်း

သန်းသန်းနု ကိုးကားတင်ပြသည်

ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်း၌ နေရာကွက်၍ မိုးကြီးနိုင်

ရန်ကုန် ဇွန် ၂၇

ဇွန်၂၆ရက်က ကမ္ဘာ့နိုင်ငံများတွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသကိုလေ့လာဆန်းစစ်ကြည့်လျှင် အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် မုန်တိုင်းတိုက်ခတ်ခြင်း၊ မက္ကဆီကိုနိုင်ငံကမ်းလွန်ရှိ မက္ကဆီကိုပင်လယ်ကွေ့၌ မုန်တိုင်းတိုက်ခတ်ခြင်း၊ တရုတ်နိုင်ငံတွင် လေပြင်းတိုက်၍ မိုးရွာခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရသည်။

ဇွန် ၂၇ရက်က မြန်မာနိုင်ငံတွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေကိုကြည့်လျှင် ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးပြီး၊ ရန်ကုန်တိုင်း ရန်ကုန်မြို့၌ ရာသီဥတုသာယာပြီး နေသာချိန်များ၍ နေရာကျဲကျဲမိုးရွာခဲ့သည်။



ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား မိုးရွာ၍ ချင်းပြည်နယ်နှင့် ဧရာဝတီတိုင်းတို့၌ နေရာကျဲကျဲမိုးရွာခဲ့သည်။

ဇွန် ၂၇ ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

ကျောက်ဖြူ	၃ ဒသမ ၃၈ လက်မ
မော်လိုက်	၃ ဒသမ ၁၈ လက်မ
ဘားအံ	၂ ဒသမ ၈၇ လက်မ
မောင်တော	၂ ဒသမ ၇၂ လက်မ
အမ်း	၂ ဒသမ ၃၆ လက်မ
မြိတ်	၂ ဒသမ ၂၄ လက်မ
ပူတာအို	၂ ဒသမ ၁၃ လက်မ
ဗန်းမော်	၂ ဒသမ ၀၈ လက်မ

ဇွန် ၂၈ ရက် **(ယနေ့)** ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပြီး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်းတို့၌ နေရာစိပ်စိပ် မိုးရွာနိုင်သည်။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မုတ်သုံလေ

ကပ္ပလီပင်လယ်ပြင်တွင်မူ မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေသည်။

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေ။

မိုးသက်လေပြင်း

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင်၄၀အထိ တိုက်ခတ်နိုင်သည်။

ဇွန်၂၈ရက် **(ယနေ့)** နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့ အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ ဖြစ်ကြောင်း သဘာဝရာသီဥတုဖြစ်စဉ်ကို ဖော်ပြလိုက်ရပါသည်။

ကိုးကား-မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဖောင်ပိတ်သတင်း

အိန္ဒိယအန်ဒမန်ကမ်းလွန်၌ ရစ်ချ်တာစကေး၆ဒသမ၇ရှိ ငလျင်လှုပ်

နယူးဒေလီ ဇွန် ၂၇

အိန္ဒိယနိုင်ငံ အန်ဒမန်ကျွန်း ကမ်းလွန်၌ ဇွန် ၂၇ရက် ညနေ ၅ နာရီ မိနစ် ၄၀ က အင်အားရစ်ချ်တာစကေး ၆ဒသမ ၇ရှိ အင်အားပြင်းငလျင်လှုပ်သွားကြောင်း အိန္ဒိယအရာရှိများက ပြောကြားသည်။

၄င်းမြေငလျင်သည် အန်ဒမန်ကျွန်း အနောက်တောင်ဘက် ၇၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြု၍လှုပ်သွားခြင်း ဖြစ်သည်။ ငလျင်လှုပ်မှုကြောင့် အန်ဒမန်ကျွန်းတွင် ထိခိုက် ပျက်စီးမှုများရှိခဲ့ကြောင်း သိရသည်။

အမေရိကန်၌မုန်တိုင်းတိုက်ခတ်ပြီးရေလွှမ်း အဆောက်အအုံပြိုကျပြီး သုံးဦးသေဆုံး

ဂရင်းဝုဒ် ဇွန် ၂၇

အမေရိကန်နိုင်ငံ အင်ဒီယာနာပိုလစ်မြို့တွင် ဇွန် ၂၇ရက် ညနေ ၄ နာရီက လေပြင်းမုန်တိုင်းတိုက်ခတ်သဖြင့် နေအိမ်များပျက်စီးကာ ဆောက်လုပ်ဆဲအဆောက်အအုံတစ်ခု ပြိုကျခဲ့မှုကြောင့် သုံးဦးသေဆုံးပြီး ဒဏ်ရာရသူများရှိခဲ့ကြောင်း အင်ဒီယာနာပိုလစ်မြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။

ပျက်စီး

တစ်နာရီလျှင် မိုင် ၅၀နှုန်း တိုက်ခတ်လာသော မုန်တိုင်းဒဏ်ကြောင့် စီးပွားရေးလုပ်ငန်း အဆောက်အအုံအချို့ ပျက်စီးခဲ့ရပြီး သစ်ပင်များ အမြစ်မှကျွတ်ထွက်ကာ ပြိုလဲခဲ့ကြောင်း၊ ဓာတ်ကြိုးများလည်း ပြတ်တောက်ခဲ့ကြောင်း သိရသည်။

ကယ်ဆယ်

ယခုအခါ ကယ်ဆယ်ရေးအဖွဲ့များက အပျက်အစီးများကို ရှင်းလင်းလျက်ရှိပြီး အဆောက်အအုံ အပျက်အစီးများအောက်မှ ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်မှုများ ဆောင်ရွက်လျက်ရှိသည်။

ဆောင်ရွက်ပေး

ထို့အပြင် အမေရိကန်နိုင်ငံတွင် ဇွန် ၂၆ ရက်က မစ္စစ္စပီမြစ်ရေလျှံမှုဖြစ်ပွားရာ မစ်ဆူရီမြို့၌ ရေလွှမ်းမှုဖြစ်ပြီး **(အောက်ပုံ)** နေအိမ်များရေနစ်မြုပ်ခဲ့သဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ အရေးပေါ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဖိလစ်ပိုင်၌ မုန်တိုင်းတိုက်ခတ် သေဆုံးသူ ၁၃၀၀ရှိလာ

မနီလာ ဇွန် ၂၇

ဖိလစ်ပိုင်နိုင်ငံတွင် မကြာမီက တိုက်ခတ်ခဲ့သော ဖန်ရှန်မုန်တိုင်းကြောင့် သေဆုံးသူဦးရေမှာ ဇွန် ၂၇ရက် မွန်းလွဲ ၅နာရီအထိ ၁၃၀၀ ရှိပြီဖြစ်ကြောင်း၊ ၄င်းသေဆုံးသူဦးရေအနက် ခရီးသည်တင်သင်္ဘောနစ်မြုပ်မှုမှ ပျောက်ဆုံးနေသူများလည်း ပါဝင်ကြောင်း ဖိလစ်ပိုင်အရာရှိများက ပြောကြားသည်။

ဖန်ရှန်မုန်တိုင်း တိုက်ခတ်မှုကြောင့် ဖိလစ်ပိုင်နိုင်ငံရှိ ပြည်နယ်အများအပြားတွင် ထိခိုက်ပျက်စီးခဲ့ပြီး ပျက်စီးဆုံးရှုံးမှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၂၅သန်းခန့်ရှိကြောင်း ၄င်းတို့က ပြောကြားသည်။

တွန်ဂါကမ်းလွန်၌ ရစ်ချ်တာစကေး၆ဒသမ၁ရှိ ငလျင်လှုပ်

ဝယ်လင်တန် ဇွန် ၂၇

တွန်ဂါနိုင်ငံ ကမ်းလွန်တွင် ဇွန်၂၇ ရက်က အင်အားရစ်ချ်တာစကေး ၆ဒသမ ၁ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့ကြောင်း အမေရိကန်အမျိုးသား ငလျင်ဗျူရိုက သတင်းထုတ်ပြန်သည်။

ထိုသို့ ငလျင်လှုပ်မှုကြောင့် တွန်ဂါနိုင်ငံ နူကူမြို့တွင် အဆောက်အအုံနှင့် နေအိမ်များ ယိမ်းထိုးလှုပ်ခါသွားကြောင်း၊ နေအိမ်အချို့ ပျက်စီးခဲ့ကြောင်း တွန်ဂါနိုင်ငံမှ အရာရှိများက ပြောကြားသည်။

အဆိုပါငလျင်သည် နူကူမြို့အရှေ့မြောက်ဘက် ၂၀၁မိုင်ခန့်အကွာ ပင်လယ်ကြမ်းပြင်အောက် ကီလိုမီတာ ၂၀ခန့်ကို ဗဟိုပြုပြီး လှုပ်ခဲ့ခြင်းဖြစ်သည်။ ၄င်းငလျင်ကြောင့် ဆူနာမီသတိပေးချက်များ ထုတ်ပြန်မှုမရှိကြောင်း တွန်ဂါနိုင်ငံ အမျိုးသား သဘာဝဘေးဆိုင်ရာ ရုံးက သတင်းထုတ်ပြန်သည်။

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ

ကြည့်ရှုစစ်ဆေး

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း တစ်နေ့တန်၈၀ စက္ကူညှိနှင့် တစ်နေ့တန်၅၀ CTMP ပျော့ဖတ် စက်ရုံစီမံကိန်း(ရေနီ)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)

ပြည်ပသွင်းကုန်အစားထိုး စက်ပစ္စည်းများ အရည်အသွေးမြင့် စဉ်ဆက်မပြတ် ပိုမိုထုတ်လုပ်

နေပြည်တော် ဇွန် ၂၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဇွန် ၂၃ရက် နံနက်ဂနာရီခွဲတွင် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမဆောင်၌ မန္တလေးတိုင်း ခရိုင်ရှစ်ခုမှ အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များအား တွေ့ဆုံမှာကြားသည်။

ပိုမိုထုတ်လုပ်

ထိုမှတစ်ဆင့် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဝန်ကြီးဦးအောင်သောင်းသည် မန္တလေး စက်မှုဇုန်ရှိ မန္တလေးတော်ဝင်စက်မှုလက်မှု ကုမ္ပဏီလီမိတက်စက်ရုံသို့ ရောက်ရှိပြီး သံရည်ကျို ပုံလောင်းဌာနမှ ကုန်ကြမ်းများနှင့် Steel Ball အရွယ်အစားအလိုက် ထုတ်လုပ်နေမှု၊ Forging ဌာန၌ Steel Ball အမာတင်မီးဖို၏ ကုန်ထုတ်လုပ်မှုနှင့် တော်ဝင်စက်မှုလက်မှုမှ တီထွင်ထုတ်လုပ်ပြီးသော အရွယ်အစားအလိုက် Steel Ball များ၊Machine Shop ဌာနတွင် တော်ဝင်စက်မှုလက်မှုမှ ထုတ်လုပ်သော ရေစုပ်စက်၊ 3 KW (ကီလိုဝပ်) ဒိုင်နမို၊ ကြက်ဆူဆီကြိတ်စက် အစိတ်အပိုင်းများ၊ မော်တော်ကားပစ္စည်းနှင့် လယ်ယာသုံးပစ္စည်း အစိတ်အပိုင်း၊ ဆီသန့်စင်စက်၊ ရေပန့်နှင့် ကြက်ဆူဆီကြိတ်စက်များ၊ Water Cooling Pump၊ Pannel Box နှင့် ဒိုင်နမို တပ်ဆင်မှု ကုန်ထုတ်လိုင်းတစ်လျှောက်နှင့် Machine Shop-2 ၏ စက်ပစ္စည်းများ၊ စက်ခုတ်စားမှု၊ တွင်ခုံ၊ ဖောက်ခုံစက်ကြီးများဖြင့် သံခုတ်စားနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ပြည်တွင်းလိုအပ်ချက် စက်ပစ္စည်းအစိတ်အပိုင်းများကို နည်းပညာ၊ အတတ်ပညာများပူးပေါင်း၍ အရည်အသွေးမြင့် ပြည်ပသွင်းကုန် အစားထိုးပစ္စည်းများ စဉ်ဆက်မပြတ် ပိုမိုကြိုးစားထုတ်လုပ်ကြရန် မှာကြားသည်။

ရှင်းလင်း

ဝန်ကြီးဦးအောင်သောင်းသည် စက်မှုလုပ်ငန်းများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ လိုက်ပါ၍ ဇွန် ၂၄ ရက် နံနက်ပိုင်းတွင် ကျောက်ဆည် စက်မှုဇုန်နယ်မြေရှိ မြန်မာ့ကြွေထည် မြေထည်လုပ်ငန်း ဘိလပ်မြေစက်ရုံ၌ ဘိလပ်မြေအထွက်တိုးရေးအတွက် ဆောင်ရွက်ရမည့် အခြေအနေများကို မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် ဝန်ကြီးသည် မီးသင်းဖိုအတွင်းပိုင်း မီးခံအုတ်လဲလှယ်မှု အခြေအနေနှင့် မီးသင်းဖိုလိုင်းတစ်လျှောက် ပြုပြင်တပ်ဆင်မှု၊ ကွန်ပျူတာထိန်းချုပ်ခန်း၌ စက်များလည်ပတ်ထိန်းချုပ်မှုစနစ်ကို ကြည့်ရှုစစ်ဆေးကာ ကုန်ထုတ်လုပ်မှုရည်မှန်းချက် ထိခိုက်နစ်နာမှုမရှိအောင် စီမံဆောင်ရွက်ကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ကျောက်ဆည်စက်မှုနယ်မြေရှိ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း မှန်စက်ရုံ (စီမံကိန်း) တည်ဆောက်မည့် နေရာသို့ ရောက်ရှိပြီး အဆောက်အအုံများ မြေနေရာချထားမှု မှန်ချက်သဲ ရရှိနိုင်မှုနှင့် ကုန်ကြမ်း အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ မှန်စက်ရုံစီမံကိန်း (ကျောက်ဆည်)ကို မကြာမီ စတင်တည်ဆောက်မည်ဖြစ်ပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာပြည်အထက်ပိုင်း ကျောက်ဆည်စက်မှုနယ်မြေ၌ မှန်စက်ရုံ တည်ဆောက်နိုင်ရန် မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China CAMC Engineering Co.,Ltd.တို့သည် ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၅ရက်တွင် စာချုပ်ချုပ်ဆို၍ အကောင်အထည်ဖော်တည်ဆောက်လျက်ရှိပြီး ယင်းစွဲတောင်နှင့် ပုရစ်တောင်တို့မှ ထုတ်ယူမည့် မှန်ချက်သဲကုန်ကြမ်းသိုက် ပမာဏမှာ ၄ဒသမ ၈သန်း တန်ရှိသဖြင့် နှစ်ပေါင်း ၁၅၄နှစ်ခန့် သုံးစွဲနိုင်မည်ဖြစ်သည်။

အဆင့်မြင့်မှန်

အဆိုပါ မှန်စက်ရုံ စီမံကိန်းပြီးစီးပါက မှန်အကြည်၊ အရောင်မှန်၊ လွှာထပ်မှန်၊ လုံခြုံရေးမှန်၊ အန္တရာယ်ကင်းမှန်၊ ကျည်ကာမှန်၊ လေကာမှန်၊ ကြည့်မှန်၊ အဆင့်မြင့်မှန်များ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး တစ်ရက်လျှင် မှန်ရည် တန်၁၅၀ကျိုချက် နိုင်သော မှန်ရည်ကျိုမီးဖိုဖြင့် တစ်ရက်လျှင် မှန်ကုန်ချော ၁၁၇တန်၊ တစ်နှစ်လျှင် မှန်တန်ချိန် ၄၁၇၀၀ ထုတ်လုပ်နိုင်မည့် စက်ရုံဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မုဒ္ဒုံမြို့နယ်အသင်း (ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇွန် ၂၇

မုဒုံမြို့နယ်အသင်း(ရန်ကုန်)၏ ဒသမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၃ရက် (ဝါဆိုလဆန်း ၁၁ ရက်) တနင်္ဂနွေနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၉)ရပ်ကွက် မြစပါယ်လမ်း ပါရမီဝိဇ္ဇောတာရုံ စာသင်တိုက်၌ ကျင်းပ၍ ပင့်သံဃာ ၁၀ ပါးတို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ စုပေါင်းဆက်ကပ်လှူဒါန်းကြမည်ဖြစ်သည်။

ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေကြွရောက်ကြည်ညိုကြရန်နှင့် ကြိုတင်၍ လှူဒါန်းလိုပါက ဥက္ကဋ္ဌ ဗိုလ်မှူးကြီးကြည်ထွန်း(ငြိမ်း) ဖုန်း-၅၇၀၈၈၂၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီးအေးကျော် (ငြိမ်း) ဖုန်း-၅၈၅၃၀၂၊ ဦးသာလှ ဖုန်း-၅၃၉၄၅၃၊ အတွင်းရေးမှူး ဦးအောင်လှထူး ဖုန်း-၅၃၇၃၆၉၊ တွဲဖက်အတွင်းရေးမှူးများဖြစ်ကြသော ဦးကျော်ဝင်း ဖုန်း-၀၉-၅၁၃၄၉၀၂၊ ဦးတင်ကြိုင် ဖုန်း-၅၇၈၄၇၄၊ ဦးအောင်ကြည် ဖုန်း-၅၉၁၁၆၁၊ ဘဏ္ဍာရေးမှူး ဦးစိုးတင် ဖုန်း-၅၃၈၇၂၁၊ စာရင်းစစ် ဦးသန်းလွင် ဖုန်း-၂၉၄၃၅၉၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် သင်္ကန်း၊ ထီး၊ ဖိနပ်နှင့် လှူဖွယ်ပစ္စည်းများ လွယ်လင့်တကူ ဝယ်ယူလှူဒါန်းနိုင်ရန် အခမ်းအနားကျင်းပမည့်နေရာ၌ သင်္ကန်းပရိက္ခရာများ အရောင်းဆိုင်တစ်ဆိုင်ကို ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ စင်ကာပူသမ္မတနိုင်ငံ Man Fut Tong Welfare Society နှင့် JBS ကုမ္ပဏီတို့က မုန်တိုင်းသင့်ပြည်သူများအတွက် ပေးပို့လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

မုန်တိုင်းသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အားပေး

ရန်ကုန် ဇွန် ၂၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဇွန် ၂၄ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ရှိ ဗိုလ်အောင်ကျော် ကုန်သေတ္တာဆိပ်ကမ်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အဆောက်အအုံ၌ ကျင်းပသည့် စင်ကာပူသမ္မတနိုင်ငံ Man Fut Tong Welfare Society နှင့် JBS ကုမ္ပဏီတို့က မုန်တိုင်းသင့်ပြည်သူများအတွက် ပေးပို့လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်အားပေးသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် တာဝန်ရှိသူများ၊ စင်ကာပူသမ္မတနိုင်ငံ Man Fut Tong Welfare Society နှင့် JBS ကုမ္ပဏီတို့မှ တာဝန်ရှိသူများ၊ KJS ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ခင်နှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ စင်ကာပူသမ္မတနိုင်ငံ Man Fut Tong Welfare Society နှင့် JBS ကုမ္ပဏီတို့က မုန်တိုင်းသင့် ပြည်သူများအတွက် မြန်မာ့ကြယ်ငါးပွင့်ပိုင် စစ်တွေသင်္ဘောနှင့် စစ်ကိုင်းသင်္ဘောတို့ဖြင့် ပေးပို့လှူဒါန်းသော ဘီစကွတ်မုန့်မျိုးစုံ၊ နို့မှုန့်၊ ခေါက်ဆွဲခြောက်၊ သစ်သီးဖျော်ရည်၊ ဝေဖာမျိုးစုံ၊ ကိတ်ခြောက်နှင့် ပင်လယ်ရေထွက်အစားအစာများ၊ ရေသန့်ဘူးများ၊ စည်သွတ်ဘူးမျိုးစုံ၊ ဆေးဝါးမျိုးစုံ၊ အဝတ်အထည်နှင့်စောင်များ၊ ကလေးကစားစရာများ၊ နာရီ၊ ဖိနပ်အပါအဝင် ကလေးအသုံးအဆောင်များ ပါဝင်သော အမေရိကန်ဒေါ်လာ ၆၄၇၆၅ ဒသမ ၂၁ တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းမျိုးစုံ စုစုပေါင်း ကွန်တိန်နာငါးလုံး တန်ချိန်စုစုပေါင်း ၃၁ ဒသမ ၄၇၈ တန်တို့ကို စင်ကာပူသမ္မတနိုင်ငံ Man Fut Tong Welfare Society မှ Vice President. Miss Jane Tan နှင့် KJS ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးကျော်ခင်တို့က ပေးအပ်လှူဒါန်းကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦးတို့က လက်ခံကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် မုန်တိုင်းသင့်ပြည်သူများအတွက် လှူဒါန်းထားသော ထောက်ပံ့ရေးပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ဖြန့်ဝေပေးပို့

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်ပနိုင်ငံများမှ စေတနာရှင်များလှူဒါန်းသည့် ပစ္စည်းများသည် လေယာဉ်များ၊ သင်္ဘောများဖြင့် အဆက်မပြတ်ရောက်ရှိလျက်ရှိရာ အဆိုပါထောက်ပံ့ရေးပစ္စည်းများကို လေဆိပ်၊ သင်္ဘောဆိပ်များ၌ ပစ္စည်းလက်ခံရယူရေးအဖွဲ့များက စနစ်တကျလက်ခံယူပြီး နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ အချိန်နှင့်တစ်ပြေးညီ မုန်တိုင်းဒဏ်ခံရသော ဒေသများသို့ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များ၊ ရေယာဉ်များဖြင့် အလျင်အမြန် ဖြန့်ဝေပေးပို့လျက်ရှိသည်။ **(သတင်းစဉ်)**

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဝါပအထူး ၁၀ရက်တရားစခန်းပွဲ

ရန်ကုန် ဇွန် ၂၇

ရန်ကုန်မြို့ ဗဟန်းမြို့နယ်အမှတ် ၈၂ နတ်မောက်လမ်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးအတွင်း တစ်လနှစ်ကြိမ် ကျင်းပလျက်ရှိသော ဇူလိုင်ပထမပတ် ဝါပအထူး ၁၀ ရက်တရားစခန်းပွဲကို ဇူလိုင် ၈ရက်မှ ၁၇ရက် (ဝါဆိုလဆန်း ၆ရက်မှ ၁၅ရက်)အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကြီးတွင် မြောက်ဥက္ကလာပ ဇမ္ဗူအေးဆရာတော် ဘဒ္ဒန္တဓမ္မသာရ အရှင်သူမြတ်က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်သည်။ ယင်းအဖွဲ့ချုပ်ကြီးအတွင်း ယောဂီများ အေးချမ်းစွာ တရားအားထုတ်နိုင်ရေး လေးထပ်ဘောဇနဆောင်ကြီး စုပေါင်းဆောင်ရွက်ဆောက်လုပ်လျက်ရှိရာ လှူဒါန်းလိုပါက ဖုန်း-၅၄၁၈၆၀သို့ စုံစမ်းနိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

စီးပွားရေးတက္ကသိုလ် (ရန်ကုန်) ကျောင်းသား ကျောင်းသူဟောင်းများ ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၂၇

စီးပွားရေးတက္ကသိုလ်(ရန်ကုန်) ၁၉၇၄-၇၈ ကျောင်းသား ကျောင်းသူဟောင်းများ၏ ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် စကားဝါလမ်း တိပိဋကကျောင်းတော်၌ ကျင်းပမည်ဖြစ်ရာ အလှူငွေနှင့် လှူဖွယ်ပစ္စည်း ထည့်ဝင်လှူဒါန်းလိုသူများ ကိုလင်းကြည် ဖုန်း-၀၉-၅၀-၀၀၈၁၂၂၊ ကိုတင်လတ် ဖုန်း -၀၉-၅၀-၂၃၀၃၀၊ မစမ်းစမ်းဝင်း ဖုန်း-၀၉-၅၀-၁၁၇၆၀နှင့် မကြူကြူဝင်း ဖုန်း-၀၉-၅၁-၃၉၉၇၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

သရက်မြို့နယ် စည်ပင်အဖွဲ့ ရေမြောင်းတူးဖော်

ရန်ကုန် ဇွန် ၂၇

သရက်မြို့ ဝါးတန်းလမ်းတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေးအတွက် ဇွန် ၁၉ ရက်က သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ ရေမြောင်းတူးဖော်နေမှုလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးအောင်ကျော်ဟိန်းက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ပြည့်စုံအေး မိုးကုတ်ရိပ်သာ အဓိဋ္ဌာန်စခန်းပွဲ

ရန်ကုန် ဇွန် ၂၇

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့ အမှတ် ၄လမ်းမ အုတ်ဖိုမှတ်တိုင်အနီးရှိ ပြည့်စုံအေး မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ အဖွဲ့ခွဲအမှတ် (၄၇၂)၏ ဝါတွင်းကာလ ရက်ပေါင်းကိုးဆယ် အဓိဋ္ဌာန်တရားစခန်းပွဲကို ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့ (ဇူလိုင် ၁၇ရက်မှ အောက်တိုဘာ ၁၄ရက်)အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကြီး၌ ရိပ်သာပဓာနနာယက သာသနာပြုနယ်လှည့် ဓမ္မကထိကအဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ပညောဘာသ(ဓမ္မာစရိယ)ကိုယ်တိုင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ရာ မည်သူမဆို အခမဲ့တရားစခန်းဝင်ရောက်နိုင်ကြောင်း၊ အချိန်ပိုင်း၊ အချိန်ပြည့်ဝင်လိုသူများ အရက်ဆွမ်း၊ နေ့ဆွမ်းနှင့် အချိုပွဲ ဆက်ကပ်လိုသူများ ဖုန်း-၀၉-၅၀-၅၉၄၇၃ သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ရန် အကျိုးဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

မိုးရာသီသစ်ပင်စိုက်ပွဲနှင့် ပညာသင်ထောက်ပံ့ကြေးချီးမြှင့်ပွဲ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက်

ရန်ကုန် ဇွန် ၂၇

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ ၂၀၀၈ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးရုံး၊ နေပြည်တော် အော်တိုအိတ်ချိန်း၊ နေပြည်တော် စာတိုက်ကြီးနှင့် ဝန်ထမ်းအိမ်ရာတို့၌ တစ်ပြိုင်တည်းကျင်းပရာ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက်၍ ဝန်ကြီးရုံးရှေ့မျက်နှာစာ၌ ကံ့ကော်ပင်ကို စိုက်ပျိုးပေးသည်။

စိုက်ပျိုးပေး

ထို့နောက် ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများသည် သတ်မှတ်နေရာ အသီးသီး၌ ခရေပင်၊ ပိတောက်ပင်၊ မဲဇလီပင်၊ တည်ပင်နှင့် တမာပင်အပါအဝင် နှစ်ရှည်ပင် စုစုပေါင်း အပင်၂၅၀၀ကို စိုက်ပျိုးပေးကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများက ဝန်ထမ်းများ စုပေါင်းသစ်ပင် စိုက်ပျိုးမှုကို ကြည့်ရှုအားပေးကြသည်။

ပညာသင်ထောက်ပံ့ကြေးပေး

ယင်းနောက် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ပညာသင်ထောက်ပံ့ကြေးချီးမြှင့်ပွဲကို ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဝန်ကြီးဌာနအောက်ရှိ တစ်နိုင်ငံလုံး ဝန်ထမ်းမိသားစု၏ သားသမီး ကျောင်းသားကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေးများကို သက်ဆိုင်ရာဌာန အကြီးအကဲများထံ ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုအားပေး

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ထမ်းများ စုပေါင်း၍ သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။

(ဆက်သွယ်ရေး)

စာကြည့်တိုက်မှတ်ပုံတင်ပေးအပ်ပွဲနှင့် ဟောပြောပွဲကျင်းပ

ရန်ကုန် ဇွန် ၂၇

လှိုင်မြို့နယ် အမှတ်(၁၀)ရပ်ကွက် တိုးတက်ရေးစာကြည့်တိုက်၌ စာကြည့်တိုက်မှတ်ပုံတင်ပေးအပ်ပွဲနှင့် ဟောပြောပွဲကို ဇွန် ၂၀ ရက်ကကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နွဲ့နွဲ့ရီက တိုးတက်ရေးစာကြည့်တိုက် မှတ်ပုံတင်ကို စာကြည့်တိုက်ကြီးကြပ်ရေးကော်မတီမှ ဒေါက်တာဦးကျော်ဇောမင်းထံ ပေးအပ်သည်။ (ဓာတ်ပုံ)

ထို့နောက် ဟောပြောပွဲကျင်းပရာ စာကြည့်တိုက်အဖွဲ့ဝင် ဦးခင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ဦးစီးမှူး ဒေါ်နွဲ့နွဲ့ရီက စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ဟောပြောကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပင်လည်ဘူးမြို့နယ်၌ အလှူရှင် စက်ရေတွင်း တူးဖော်

ရန်ကုန် ဇွန် ၂၇

ပင်လည်ဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ပင်းကြိုင်းကျေးရွာ အလှူရှင်စက်ရေတွင်း တူးဖော်ဆောင်ရွက်လျက်ရှိရာသို့ အငယ်တန်းအင်ဂျင်နီယာ(၃) ဦးဝင်းနှင့် အမှုဆောင်အရာရှိတို့ ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

စေတနာသဒ္ဓါတရားများ ထုံမွမ်းနေသော ပန်းချီလက်တွေ့ရေးဆွဲရောင်းချပွဲအကြောင်း တစေ့တစောင်း

အနုပညာသတင်းမြင်ကွင်း - ချစ်စိုးနိုင်၊ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၂၇

မြန်မာတို့သည် လူသားချင်းစာနာကူညီထောက်ထားသည့် စိတ်ဓာတ်တွင် ထိပ်ဆုံးမှရှိကြသည်။ ယခုနှစ် မေလ ၂၈ရက်နှင့် ၃ရက်က အင်အားပြင်းဆိုင်ကလုန်းမုန်တိုင်းကြီး တိုက်ခတ်ခဲ့မှုဒဏ်ကို ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် ခံစားခဲ့ကြရသည်။

ချက်ချင်းရေးဆွဲတဲ့ ပန်းချီလက်ရာနဲ့ ဒါနပြုရလို့ ပီတိဖြစ်ရပါတယ်။
ပန်းချီ မောင်မောင်သိမ်း(ပုသိမ်)။

ထိုသို့လေဘေးသင့်ပြည်သူများအတွက် လေဘေးကယ်ဆယ်ရေးရန်ပုံငွေရရှိရန် ပန်းချီပညာရှင်များဖြစ်ကြသည့် ဦးမောင်မောင်သိမ်း (ပုသိမ်)၊ ဦးတင်ဦး (ROXY)၊ ဦးစတားမြသန်း၊ဦးကြည်ဝင်း(ရန်ကင်း)၊ ဦးလှသိမ်းအောင်၊ ဦးတင်မြ၊ ဦးသန်းဝင်းထွန်းတို့ ဦးစီးကမကထပြုသော ပန်းချီလက်တွေ့ရေးဆွဲ ရောင်းချပွဲလေးကို Park Royal ၏ ပံ့ပိုးကူညီမှုဖြင့် ရန်ကုန်မြို့ Park Royal Hotel တွင်ကျင်းပရာ မြန်မာ့အလင်းအဖွဲ့ကလည်း သတင်းအားဖြင့် ပံ့ပိုးကူညီရန် သွားရောက် သတင်းရယူခဲ့ပါသည်။ ထိုသို့ ကိုယ်တိုင်ဖန်တီးသော အနုပညာလက်ရာလေးများဖြင့်ဒါနပြုပွဲလေးသို့ ဧည့်သည်တော် ပန်းချီဆရာများဖြစ်သော ဦးရဲမြင့် (ရွှေသို့)၊ ဦးရွှေမြင့်နှင့်ဦးအောင်သန်း (အောင်ကျော်ဦး) တို့ကလည်း အားတက်သရော လာရောက်ကူညီပံ့ပိုးရေးဆွဲခဲ့ကြရာ ယခု ပန်းချီလက်တွေ့ရေးဆွဲ ရောင်းချပွဲကလေးသည် အကျဉ်းရုံးပင်ဖြစ်သော်လည်း စေတနာသဒ္ဓါတရားများဖြင့် ဝေဆာကြိုင်လှိုင်နေပေသည်။ ဆရာကြီးဦးစတားမြသန်းမှလွဲ၍ ကျန်ပန်းချီပညာရှင်များက နေ့စဉ်ပန်းချီကားငယ် ငါးကား၊ ခြောက်ကားမျှရေးဆွဲပြီး ကုန်ကျစရိတ် ၃၀ရာခိုင်နှုန်းနုတ်ကာ ကျန်ငွေကို လှူဒါန်းမည်ဖြစ်သည်။ယခုပွဲကို ဇွန် ၂၇ရက်မှ ဇူလိုင် ၄ရက်အထိ နေ့စဉ် နံနက် ၁၀နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ရေးဆွဲရောင်းချသွားမည်ဖြစ်သည်။

ထိုသို့ စေတနာသဒ္ဓါတရားထက်သန်လှသော ပန်းချီဆရာကြီးများ၏ဖြတ်သန်းလာခဲ့ရသော ပန်းချီလောကအတွေ့အကြုံများ၊ ခံယူချက်များ၊ ရည်ရွယ်ချက်များအကြောင်း စေ့ငုရသမျှ စာဖတ်ပရိသတ်ပြည်သူများ အသိအမြင်၊ ပညာ တိုးပွားစေခြင်းအလို့ငှာ တွေ့ဆုံမေးမြန်း ရေးသားဖော်ပြလိုက်ပါသည်။

ဖြေကြားခဲ့

ရှေးဦးစွာ ဤပွဲလေးကို ဦးဆောင်ဦးရွက်ပြုသူ ဦးမောင်မောင်သိမ်း(ပုသိမ်)အား ပန်းချီလောက အတွေ့အကြုံ၊ ခံယူချက်၊ ရည်ရွယ်ချက်များအား မေးမြန်းခဲ့ရာ "၁၉၅၇ခုနှစ်ရန်ကင်းဆရာအတတ်သင်ကဆရာဖြစ်သင်တန်းဆင်းပြီးတော့ ပန်းချီပန်းပုကျောင်းမှာ အချိန်ပိုင်း ပန်းချီနည်းပြ လုပ်ခဲ့ပါတယ်။ ပန်းချီစရေးတာက ၁၉၅၅ခုနှစ် ကတည်းကပါ။ ၁၉၅၇ခုနှစ်ကနေ ၁၉၉၀ခုနှစ်အထိ ၃၃နှစ် ဝန်ထမ်းအဖြစ် လုပ်ပြီး အငြိမ်းစားယူခဲ့ပါတယ်။ ၁၉၆၅ခုနှစ်ကတည်းက ကိုယ်ပိုင်ပန်းချီသင်တန်း ဖွင့်ခဲ့တာ ယနေ့အထိပါပဲ။ ၁၉၉၁ကနေ ၁၉၉၄ခုနှစ်အထိ International College မှာ ငါးနှစ်ပန်းချီနည်းပြခဲ့ပါတယ်။ ဒေသ(၂)မှာ ၁၉၈၁ကနေ ၁၉၈၅ခုနှစ်အထိ ငါးနှစ် ပန်းချီနည်းပြခဲ့ပါတယ်။ စက်မှုလက်မှုသိပ္ပံမှာလည်း ၁၉၈၃ကနေ ၁၉၈၅အထိ သုံးနှစ် အချိန်ပိုင်း ပန်းချီ နည်းပြခဲ့ပါတယ်။ ရေဆေး ပန်းချီအသင်းမှာ အတွင်းရေးမှူး အနေနဲ့ ကိုးနှစ်၊ ဥက္ကဋ္ဌအနေနဲ့ သုံးနှစ်ရှိနေပြီး ယခုအထိ လုပ်ကိုင်နေတုန်းပါပဲ။ ပန်းချီကိုတော့ Impression အဆွဲများပါတယ်။ Realism ကိုလည်း နည်းနည်းဆွဲပါ

ကိုယ်တတ်တဲ့ပညာနဲ့ လှူဒါန်းရလို့ ဝမ်းသာပီတိဖြစ်မိပါတယ်။
ပန်းချီ လှသိမ်းအောင်။

တယ်။ ယခုဂုန်နီအိတ်နဲ့ ပျော့ဖတ်ကို အသုံးပြုပြီး ရွှေကြိုးနဲ့ ကြိုးပန်းချီ ဆွဲနေပါတယ်။ တစ်ကိုယ်တော် ပန်းချီပြပွဲအနေနဲ့ ၁၉၈၁နဲ့ ၂၀၀၃ခုနှစ်မှာ နှစ်ကြိမ် ပြခဲ့ဖူးပါတယ်။ ဆရာတွေကတော့ဦးသက်ဝင်း၊ဦးမောင်မောင်မြ၊ အေဝမ်းဦးသန်းစိန်၊ ဦးညာဏ်ရှိန်၊ ဦးကြည်၊ ဦးစံဝင်းတို့ ဖြစ်ပါတယ်။ ၁၉၆၁ခုနှစ်မှာ ရွှေမန်းရုပ်ရှင် ပိုစတာ ဆွဲခဲ့ပါတယ်။ ယနေ့အထိ ပန်းချီကားပေါင်း ၂၀၀၀ကျော် ဆွဲခဲ့ပြီးပါပြီ။ ဆီဆေးကို အဓိကထား ဆွဲပါတယ်။ အခုလို လေဘေးသင့်ပြည်သူတွေကို ကိုယ်တိုင် ချက်ချင်းရေးဆွဲတဲ့ အနုပညာ ပန်းချီလက်ရာနဲ့ ဒါနပြုရလို့ ဖော်မပြနိုင်အောင် ဝမ်းသာပီတိဖြစ်ရပါတယ်" ဟု မြန်မာ့အလင်းသို့ ဖြေကြားခဲ့သည်။

ရင်ဖွင့်ခဲ့

ပန်းချီပညာရှင်ဆရာကြီးဦးစတားမြသန်းက "၁၉၄၇ခုနှစ် ၁၄နှစ်သား ငါးတန်းကျောင်းသား ကတည်းက ပန်းချီလောကထဲ စဝင်ခဲ့တာပါ။ ယနေ့အထိ ပန်းချီကားပေါင်း ၁၅၀၀ ကျော် ဆွဲပြီးပါပြီ။ တစ်ကိုယ်တော် ပန်းချီပြပွဲကို ၁၉၇၇ နဲ့၂၀၀၆ခုနှစ်မှာ လုပ်ခဲ့ပြီး ၂၀၀၉ခုနှစ်မှာ ကျွန်တော့် အသက် ၈ိန်ရတုပြည့် အထိမ်းအမှတ် သုံးကြိမ်မြောက်ပြပွဲကို သမ္မတဟိုတယ်မှာ လုပ်ပါမယ်။ ၂၀၀၆ခုနှစ် ပြပွဲမှာ ပြခဲ့တဲ့ပန်းချီကား ၄ပေ×၆ပေသုံးကားနဲ့ ၃ပေ×၄ပေ ၂၉ကား စုစုပေါင်း ၃၂ ကားလုံး ရောင်းချခဲ့ရပါတယ်။ ဗုဒ္ဓဝင်၊ ရာဇဝင် စတဲ့ ပန်းချီကားတွေကိုပဲ ရေးဆွဲပါတယ်။ ရေဆေးအဆင့်က ကျော်လွန်ခဲ့ပြီမို့ အခု ဆီဆေးနဲ့ပဲ ဆွဲပါတယ်။ ဆီဆေး ပထမဦးဆုံး ဆရာက ဦးစံရှိန်ပါ။ အဲဒီအပြင် ဦးထွန်းလှ၊ ဆရာမြစ်၊ ဦးငွေကိုင်၊ ဦးစံဝင်း၊ ဦးဘကြည်၊ ဦးချစ်မောင်တို့လည်း ကျွန်တော့်ရဲ့ဆရာတွေပါပဲ။ ဆေးကတော့ ဝင်ဆာဆေးကိုသုံးပါတယ်။ လူငယ်တွေကို ပညာရယူစေချင်ပါတယ်။ အာရှအဆင့်မှာတင် ထိပ်တန်းဖြစ်ရုံနဲ့ တင်းတိမ်ကျေနပ်မနေဘဲ ကမ္ဘာ့အဆင့်မီအောင်ကြိုးစားပြီး ကမ္ဘာကျော်စေချင်တဲ့ ဆန္ဒရှိသလို လူငယ်တွေကိုလည်း အဲဒီလိုပဲဖြစ်စေချင်ပါတယ်။ ပန်းချီဆိုတာစိတ်ကူးထဲမှာ ပေါ်လာတာကို အလွတ်ရေးနိုင်မှ ပန်းချီမည်ပါတယ်။ အလင်းအမှောင်၊ အပူအအေး၊ အနီးအဝေး၊ မျဉ်းဖြောင့်၊ မျဉ်းကောက်၊မျဉ်းလဲ အဲဒီ ငါးချက်နဲ့ ညီမှ ပန်းချီပီသပါတယ်။ ဆရာကြီး အိုင်စီအက် ဦးလှရှိန်၊ ဦးအုန်းလွင်၊ ဦးစံဝင်းတို့ကို ကျော်လွှားနိုင်ဖို့ နေနေသာသာ မီဖို့တောင် မလွယ်ပါဘူး။ တော်တော်ကြာအောင်လုပ်ရပါဦးမယ်။ အခုပြပွဲ ခုနစ်ရက်မှာ တစ်ကားပဲဆွဲပြီး FEC ၁၀၀၀နဲ့ ရောင်းမှာပါ။ ကုန်ကျစရိတ် ၃၀ ရာခိုင်နှုန်းနုတ်ပြီး ကျန်တာ အကုန်လှူမှာပါ။ ယခုဒီအလှူကို လုပ်ရတာ ဝမ်းအသာဆုံးပါပဲ။ ပြောမပြတတ်အောင် ဝမ်းသာပါတယ်။ တစ်သက်နဲ့ တစ်ကိုယ် မကြုံဖူးတဲ့ အလှူမို့လို့ ဒီလို ဝမ်းသာမိတာပါ" ဟု ရင်ဖွင့်ခဲ့သည်။

ဝယ်သူစိတ်ကြိုက် ရေးဆွဲပေးမှာပါ။
ပန်းချီ ကြည်ဝင်း(ရန်ကင်း)။

ပန်းချီကား ရောင်းလို့ရတဲ့ငွေတွေကို လှူဒါန်းသွားမှာပါ။
ပန်းချီ စတားမြသန်း။

ပီတိဖြစ်

ပန်းချီဆရာ ဦးသန်းဝင်းထွန်းက "၁၉၇၃ခုနှစ်က ပန်းချီပန်းပုကျောင်းဆင်းတယ်။ ပန်းပုနဲ့ ဆင်းတာမို့ ပန်းပုပဲ ထုဖြစ်ပါတယ်။ ၁၉၉၆မှာ ပန်းချီစရေးဖြစ်တယ်။ ဆရာအရင်းကတော့ အမ်တင်အေးပါ။ဦးမြကျော်၊ ဆရာကြီးဦးကြည်တို့လည်း ကျွန်တော့် ဆရာတွေပါပဲ။ ကျွန်တော်ကတော့ ဆီဆေးကိုအသုံးများပါတယ်။အခရိုင်းလစ်နဲ့ရေဆေးလည်း တစ်ခါတစ်ရံ ရေးပါတယ်။ ၂၀၀၀ကနေ၂၀၀၃ခုနှစ်အထိ တစ်ကိုယ်တော်ပြပွဲ သုံးကြိမ်၊ အုပ်စုပြပွဲ ၇၀ကျော်နဲ့ ကားပေါင်း ၆၀ကျော် ရေးဆွဲပြီးပါပြီ။ လက်ရှိတော့ Impression ကိုလည်း ဦးတည်ရေးပါတယ်။ Realism ကို ရေးပါတယ်။ Modern ကိုတော့ ကြိုးစားဆဲပါပဲ။ အမြဲတမ်း ပန်းချီဆက်ဆွဲဖို့ ရည်ရွယ်ပါတယ်။ လေဘေးသင့်ပြည်သူတွေအကြောင်း ကြားသိရလို့ စိတ်မကောင်းဖြစ်ရသလို သူတို့အတွက် ကိုယ့်ရဲ့အနုပညာလက်ရာလေးကိုအရင်းပြုပြီး လှူဒါန်းခွင့်ရတာ အလွန်ဝမ်းသာပီတိ ဖြစ်မိပါတယ်" ဟု ဖွင့်ဟ ပြောကြားသည်။

လှူဒါန်းခဲ့

ပန်းချီဆရာကြီးဦးလှသိမ်းအောင်က "၁၉၅၈မှာ မန္တလေးပန်းချီဆရာအတတ်သင်တက္ကသိုလ် တက်ခဲ့ပြီး အဲဒီကတည်းက တီတီစီမှာ ပန်းချီနည်းပြဆရာ လုပ်ခဲ့တာ ၁၉၉၆မှာ အငြိမ်းစား ယူခဲ့ပါတယ်။ အဲဒီက ထွက်ပြီး ပန်းချီသင်တန်းဖွင့်ပါတယ်။ အခု လှိုင်မြို့နယ် ရိုးရာပန်းပညာရှင်များ အစည်းအရုံးမှာ ဥက္ကဋ္ဌဖြစ်ပြီး နှစ်စဉ်ပန်းချီပြပွဲကျင်းပပေးပါတယ်။ ကျွန်တော်ကတော့ ၁၉၆၈ခုနှစ်ကနေ ယနေ့အထိ ပြပွဲမှာ ပါဝင်ပြသခဲ့ပါတယ်။ ရေဆေးကား ၁၀၀ ကျော် ရေးဆွဲခဲ့ပြီးပါပြီ။ ရေဆေး အသုံးများပြီး ဆီဆေးအသုံးနည်းပါတယ်။ Realism ရေးတာများတယ်။ ငယ်ဆရာတွေကတော့ ဦးဘငြိမ်း၊ ဦးစံရှိန်၊ ဦးညာဏ်ရှိန်၊ ဦးအေးတင်၊ ဦးစံဝင်း၊ ဦးသိန်းဟန်တို့ ဖြစ်ပြီး တပည့်တပန်းပေါင်းများစွာရှိပါတယ်။ ပန်းချီကိုပဲ တစိုက်မတ်မတ်ဆွဲပြီး အောက်ဒိုးထွက်ဆွဲတာ များပါတယ်။ လေဘေးမကြုံဖူးပေမယ့် မီးဘေးကြုံခဲ့ဖူးလို့ ကိုယ်ချင်းစာပါတယ်။ ဒါကြောင့် ဝမ်းသာအားရရေးဆွဲပြီး မြန်မာ့ဓလေ့ ထုံးစံအတိုင်း ဒုက္ခရောက်သူကို ကူညီရတဲ့အတွက် ကုသိုလ်လည်းရလို့ ကျေကျေနပ်နပ်ဝမ်းမြောက်ဝမ်းသာနဲ့ လှူဒါန်းခဲ့တာပါ" ဟု ပြောကြားသည်။

ပန်းချီဆရာဦးကြည်ဝင်း(ရန်ကင်း)က ၁၉၅၃ကနေ ၁၉၅၆ခုနှစ်အထိ ရန်ကုန် ပန်းချီ ပန်းပုကျောင်း (ယခင်ဂျူဗလီဟော)မှာ သုံးနှစ်တာ ပညာသင်ကြားခဲ့ပါတယ်။ ၁၉၅၇ခုနှစ်မှာ တပ်မတော်မော်ကွန်းတိုက်၊ ၁၉၅၈မှာ လူမှုဆက်ဆံရေးဌာန(စစ်ပန်းချီ)၊ ၁၉၆၂မှာ ပြန်ကြားရေးဝန်ကြီးဌာနမှ ရှေ့သို့မဂ္ဂဇင်းတွင် ပန်းချီဆရာ၊ ၁၉၆၃မှာ လုပ်သားပြည်သူ့နေ့စဉ်မှာ ပန်းချီ နှင့် Display အယ်ဒီတာ၊ ၁၉၆၄မှာ ရှေ့သို့ ပြန်ရောက်ပြီး ၁၉၈၂-၈၃မှာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ပါတယ်။၁၉၆၂ ခုနှစ်လောက်က စပြီး Realism ကို အလေးထားရေးတယ်။ Modern ကို တစ်ခါတစ်ရံ ရေးပြီး ဆီဆေးကို သုံးပါတယ်။ ရေဆေးနဲ့ အခရိုင်းလစ်ကို အရေးပါးပါတယ်။ ကား ၅၀၀ ကျော် ရေးပြီးပါပြီ။ အခုလို အနုပညာနဲ့တတ်အားသရွေ့ လှူရလို့ ဝမ်းသာမိပါတယ်" ဟု ဆိုပါသည်။

ဝမ်းမြောက်မိ

ပန်းချီဆရာဦးတင်မြက "၁၉၅၅ ဆယ်တန်းကတည်းက ပန်းချီပညာကို အပိုဘာသာယူပြီး ဆွဲပါတယ်။ အဲဒီနှစ် ဆယ်တန်းပြီးတော့ ရွှေမင်းပိုးထည်ကုမ္ပဏီမှာ ဒီဇိုင်းဆရာ၊ ၁၉၆၂ ခုနှစ်က ဆောက်လုပ်ရေးမှာ ဒီဇိုင်းဆရာနဲ့ကရဝိက်မှာ အကြီးစားပန်းပုကို နှစ်နှစ်ထုခဲ့ပါတယ်။ ၁၉၇၂မှာ အလုပ်ကထွက်ပြီး ကိုယ်ပိုင် ပန်းချီ ဆွဲခဲ့ပါတယ်။ ဆရာတွေကတော့ ဆယ်တန်းတုန်းက ဦးညွန့်မောင်၊ ဦးသိန်းညွန့်နဲ့ ကိုချစ်မောင်တို့လည်းဆရာတွေပါပဲ။ Realism သက်သက်ပဲရေးပြီး ဆီဆေးကောရေဆေးပါ ဝင်ဆာကိုပဲသုံးပါတယ်။ ၁၆နှစ်လောက်ကတည်းကပန်းချီစဆွဲတာမို့ပန်းချီကားပေါင်းသောင်းကျော်ပါပြီ။ ယနေ့အထိ ပြပွဲ (၁၃)ကြိမ်ပြသခဲ့ပြီးပါပြီ။ ရှေ့လျှောက် ပန်းချီကိုပဲ တစိုက်မတ်မတ် ဆွဲမှာပါ။ ဒီလို လှူရတဲ့အတွက် အတိုင်းမသိဝမ်းမြောက်မိပါတယ်" ဟု ရှင်းပြခဲ့ပါကြောင်း။ ။ **(မြန်မာ့အလင်း)**

ဝိပဿနာအလုပ်ပေး တရားစခန်းပွဲကြီး

ရန်ကုန် ဇွန် ၂၇

ဇလွန်မြို့ လမ်းမတော်မြောက် မြို့သစ်ရပ် ခပေါင်းလမ်းရှိ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ခွဲ အမှတ်(၉၆) ဓမ္မရိပ်သာကြီးတွင် ဩဂုတ်၁ရက် (ဝါဆိုလကွယ်နေ့)မှ ဩဂုတ် ၃၀ရက် (ဝါခေါင်လကွယ်နေ့)အထိ တစ်လ တရားစခန်းပွဲကြီး ကျင်းပမည်ဖြစ်သည်။

အထက်ပါ တစ်လတရားစခန်းပွဲကြီး၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယခံ တပည့်များဖြစ်ကြသော မဟာကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးညာဏောဘာသ၊ ဦးပညာတိက္ခ (သန်လျင်) အရှင်သူမြတ်များနှင့် ဓမ္မကထိက ဆရာကြီး ဦးကျော်စိန်၊ ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးအေးဖေတို့သည် ဗုဒ္ဓအလိုတော်ကျ ပရိညာသုံးပါး အခြေခံထား၍ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်မြတ်နှင့် သစ္စာလေးပါး ဝိပဿနာလုပ်ငန်းစဉ် တရားများကို ခန္ဓာညာဏ်ရောက် သဘောပေါက်အောင် ဟောပြောပြသကြမည်ဖြစ်ရာ ရန်ကုန်မှ လိုက်ပါလိုသော ယောဂီများသည် ဖုန်း-၅၅၄၄၃၅၊ ၅၈၄၈၆၇နှင့် ၀၄၄-၃၅၀၅၅ (ဇလွန်) တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၂၈-၆-၂၀၀၈ရက် (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အဆိုပြိုင်ပွဲ
၇း၅၀ ၅။ မြူးမြူးကြွကြွယည်ကျေးမှုအက
၈း၀၀ ၆။ Growing Up in Adverse Situations
၈း၄၀ ၇။ International News
၉း၀၀ ၈။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်း သတင်းစဉ်
၁၁း၄၀ ၃။ **မိုးသက်လေကိုခြွေတဲ့ဆောင်း** နိုင်းနိုင်း၊နေအောင်၊ အိန္ဒြာကျော်ဇင်၊ပပဝင်းခင်၊ ခင်သန်းနု (ဒါရိုက်တာ- စင်ရော်မောင်မောင်)
၁၄း၅၀ ၄။ International News.
၁၅း၀၀ ၅။ အစီအစဉ်ပြီး၏

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၂၅ ၂။ အကပြိုင်ပွဲ
၄း၃၅ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၅၀ ၄။ ကြေးမုံရိပ်သွင် တေးနုယဉ်
၅း၀၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၀ ၆။ အတီးပြိုင်ပွဲ
၅း၁၅ ၇။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၅း၃၀ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၃၀ ၁၀။ မိုးလေဝသအခြေနေ
၆း၃၅ ၁၁။ အလှရှာမယ်လှကမ္ဘာ၀ယ်
၇း၀၀ ၁၂။ ဂုဏ်ရည်မြင့်မား စွမ်းဆောင်ရှင် မြန်မာအမျိုးသမီးများ
၇း၁၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေမင်းသားလေးချစ်ပုံပြင်** အပိုင်း(၈)
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **မာယာထောင်ချောက်** (အပိုင်း-၃၃)
၁၈။ အစီအစဉ်ပြီး၏။

● *ရွှေဖုံးမှ*

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်၊ ဗဟိုအလုပ်အမှုဆောင် ဦးအောင်သိန်းလင်း၊ အမှတ် (၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်တို့က ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် စာဂ လမ်းရှိ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆောက်လုပ်လှူဒါန်းသော အမှတ်(၆) အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်၊ ဗဟို အလုပ်အမှုဆောင် ဦးအောင်သိန်းလင်း၊အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်တို့က ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ဗဟိုအလုပ်အမှုဆောင် ဦးအောင်သိန်းလင်းတို့က ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကျောက်စာကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး ကျောင်းဆောင်သစ်အတွင်းလှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် ပညာရေးဝန်ကြီးဌာနသို့ကျောင်းဆောင်သစ်များလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ကျောင်းခန်းမ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် ဦးအောင်သိန်းလင်းက ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ရှင်းလင်းပြောကြားပြီး အခြေခံပညာ ကျောင်းနှစ်ကျောင်းနှင့်စပ်လျဉ်းသော စာရွက်စာတမ်းများကို အမှတ် (၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူထံ လွှဲပြောင်းပေးအပ်သည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ Ko Ko Ro Volunter Group မှ မန်နေဂျင်းဒါရိုက်တာ Mr. Jim Bo က ကွန်ပျူတာတစ်စုံကို ကျောင်းအုပ်ကြီး ဦးထွန်းအောင်ထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် မြို့မိမြို့ဖ ဦးရွှေအေးက ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပြုလွှာပေးအပ်

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဦးအောင်သိန်းလင်းထံ တောင်ဥက္ကလာပမြို့နယ် အမှတ်(၂၅)အခြေခံပညာမူလတန်းကျောင်းနှင့် အမှတ်(၆) အခြေခံပညာ အလယ်တန်းကျောင်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ ၁၂၂၆ စောင်ကို မြို့နယ်ပညာရေးမှူး ဦးဟန်မြင့်က ပေးအပ်သည်။

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆောက်လုပ်လှူဒါန်းသော အမှတ်(၂၅) အခြေခံပညာ မူလတန်းကျောင်းမှာ အလျား ပေ၈၀၊ အနံ ပေ၃၀နှင့် အမြင့် ၁၅ပေရှိ တစ်ထပ်လေးခန်းတွဲကျောင်းဆောင်ဖြစ်ပြီး အမှတ်(၆) အခြေခံပညာအလယ်တန်းကျောင်းမှာအလျား ပေ ၁၆၀၊ အနံ ပေ၃၀ရှိ နှစ်ထပ်ကျောင်းဆောင်ဖြစ်သည်။ ကျောင်းဆောင်သစ်များနှင့်အတူ စာသင်ခုံများကိုပါ တစ်ပါတည်း လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ အဆိုပါ ကျောင်းဆောင်သစ်များမှာ အလင်းရောင်နှင့် လေဝင်လေထွက်ကောင်းမွန်ပြီး ကျောင်းသားကျောင်းသူများ အေးချမ်းစွာပညာသင်ကြားလျက်ရှိသည်။

ဆောက်လုပ်လှူဒါန်း

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသည် ရန်ကုန်တိုင်း အတွင်း၌ နှစ်ထပ်ကျောင်းဆောင်သစ် နှစ်ကျောင်းနှင့် တစ်ထပ်ကျောင်းဆောင်သစ်သုံးကျောင်း စုစုပေါင်းအခြေခံပညာကျောင်းပေါင်း ငါးကျောင်းကို ဆက်လက်လှူဒါန်းနိုင်ရန် ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

မှာကြားဖြည့်ဆည်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ရန်ကုန်မြို့ကို မြို့အင်္ဂါရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိသော ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနှင့် ကိုယ့်မင်းကိုယ့်ချင်းလမ်း တစ်လျှောက်၌ စက်ယန္တရားကြီးများဖြင့် ပေ ၁၂၀၀ အရှည် နိုင်လွန်ကတ္တရာလမ်းခင်းကျင်းနေမှု၊ ကန်တော်ကြီး သဘာဝဥယျာဉ်အတွင်း သန့်ရှင်းသာယာ လှပရေးအတွက် ဆောင်ရွက်ထားရှိမှု၊ ရန်ကုန်မြို့ ကုန်သည်လမ်း၌၄၂၅ပေရှိ လူသွားစင်္ကြံအသစ် ပြုပြင်မွမ်းမံ ဆောင်ရွက်နေမှု၊ မဟာဗန္ဓုလပန်းခြံအတွင်း သန့်ရှင်း သာယာလှပရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် အလုံမြို့နယ်ရှိ ရန်ကုန်-ပြည်လမ်းအပိုင်း၌ အကျယ် ခြောက်ပေ၊ အရှည် ပေ ၁၀၀၀ရှိ လူသွားစင်္ကြံအသစ် ပြုပြင် မွမ်းမံ ဆောင်ရွက်နေမှု တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

✻ *ကျောဖုံးမှ*

ပူးပေါင်းဆောင်ရွက်

ထို့အပြင် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များသည် ဘိုကလေးမြို့နယ်အတွင်းရှိ ကြိမ်ချောင်းကြီး၊ ကျွန်းသာယာ၊ ကျွန်းညိုကြီး၊ မဂူနှင့် သဇင်ကုန်းကျေးရွာ အုပ်စုများ၌လည်းကောင်း၊ လပွတ္တာမြို့နယ်အတွင်းရှိ အလယ်ရေကျော်၊ အမတ်၊ ကံဘဲ့၊ စလူဆိပ်၊ သဃ်န်းကြီး၊ လွှစာ၊ ဓနိဆိပ်၊ လှိုင်းဘုန်းနှင့် ကုန်းကြီးကျေးရွာအုပ်စုများ၌လည်းကောင်း၊ ငပုတောမြို့နယ်အတွင်းရှိ ဟိုင်းကြီးကျွန်းမြို့နယ်၊ ကျောက်ကလပ်၊ ပြင်ခရိုင်နှင့် သက္ကယ်သောင်ကျေးရွာများ၌လည်းကောင်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့် ရပ်ရွာသန့်ရှင်းရေးလုပ်ငန်းများတွင် ဒေသခံပြည်သူလူထုနှင့် တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းထံ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြု အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၂၇

၂၀၀၈ခုနှစ် ဇူလိုင်၃ရက် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ငွေလှူဒါန်းပွဲကို ယနေ့ မွန်းလွဲ၁နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ရုံးခန်းမဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

လှူဒါန်းပွဲတွင် အလှူရှင် အဂ္ဂမဟာမဏိဇောတဓရ ဦးသိန်းဝင်း (လူမှုထူးချွန်ပထမဆင့်) အဂ္ဂမဟာ သီရိသုဓမ္မ သီဂီဒေါ်နီ (လူမှုထူးချွန်ပထမဆင့်) ရွှေသံလွင်ကုမ္ပဏီက ငွေကျပ်ငါးသိန်း၊ မြန်မာအမျိုးသမီးစွမ်းဆောင်ရှင်များအသင်းက ငွေကျပ်သုံးသိန်း၊ ဦးခင်မောင်အေး-ဒေါ်ခင်လေး (Gold Power Co., Ltd.)က ငွေကျပ်သုံးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၂၈-၆-၂၀၀၈ ရက် (စနေနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"အသေကိုမမေ့မှ ကုသိုလ်ကိုမမေ့မှာ" တရားတော် (အပိုင်း-၁) (ဆရာတော် အရှင်ပုညာနန္ဒ)
၈း၀၀-၂း၀၀	မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ဦးဆောင်ပြီး ပုဂ္ဂလိကမီဒီယာများ၏ လေဘေးသင့်ပြည်သူများအတွက် စုပေါင်းအလှူဒါန
၈း၃၅-၂း၃၅	ကြည်ညိုသဒ္ဓါပွားများစေရာ ကျိုက်သုတ်စေတီတော်မှာ
၈း၅၀-၂း၅၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅-၃း၂၅	ဒေါက်တာချစ်ငယ်(ဒသသန) Ph.D ၏ နိဗ္ဗာန်ဆီသို့ အထူးတရားပွဲ(၄) (ဟဲယာရွာမ၊ အင်းလေး)
၉း၄၅-၃း၄၅	တေးဂီတအစီအစဉ်
၉း၅၀-၃း၅၀	Yangon Panorama
၁၀း၀၅-၄း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၅-၄း၁၅	Activities in the City ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန "နှစ်ဆယ်ရာစုစာဆိုစစ်သည်များ" စာအုပ်ထုတ်ဝေနိုင်ခဲ့ခြင်း အထိမ်းအမှတ်ဂုဏ်ပြုညှော်ခံပွဲ
၁၀း၃၀-၄း၃၀	မိုးလေဝသခန့်မှန်းချက်
၁၀း၃၅-၄း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀-၄း၄၀	ဗုဒ္ဓအလိုတော်ကျ ရှင်ပြုရဟန်းခံမင်္ဂလာ
၁၀း၅၅-၄း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၅-၅း၀၅	သူတို့ပြောတဲ့သူတို့အကြောင်း (မောင်မောင်လှမြင့်နှင့် တွေ့ဆုံခြင်း)
၁၁း၄၀-၅း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅-၅း၄၅	တောင်ပေါ်လက်ဖက်နတ်သစ်ရွက်
၁၁း၅၅-၅း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၀၀-၆း၀၀	တေးဂီတအစီအစဉ်
၁၂း၀၅-၆း၀၅	ပူဇာစ ပူဇနေယျာနံ
၁၂း၁၅-၆း၁၅	နေချင်စဖွယ်အိမ်အလှဆင်ကြမယ်
၁၂း၃၅-၆း၃၅	လူအများပြောနေကျအရိုးကျိုးပေါင်းတက်ရောဂါ (ပါမောက္ခဒေါက်တာချစ်စိုး)
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အင်အားပြင်းငလျင်လှုပ်

နေပြည်တော် ဇွန် ၂၇

၂၀၀၈ခုနှစ် ဇွန်၂၇ရက် မြန်မာစံတော်ချိန် ၁၈နာရီ ၁၂မိနစ် ၄၆စက္ကန့်အချိန်တွင် ကမ္ဘာ့အေးမြေငလျင်စခန်း၏ အနောက်တောင်ဘက် မိုင်၅၀၀ခန့် ကွာဝေးသောနေရာ မြန်မာနိုင်ငံ ပြင်ပ (ကပ္ပလီပင်လယ်) ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၆ဒသမ၇ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းထံ FAO ဌာနေကိုယ်စားလှယ် ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇွန် ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ဌာနေကိုယ်စားလှယ်အဖြစ် ခန့်အပ်ခြင်းခံရသည့် Mr.Shin Imai သည် ယနေ့ညနေ၃နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ရုံးခန်းမသို့ လာရောက်၍ ၎င်း၏ခန့်အပ်လွှာကို ပေးအပ်သည်။ **(သတင်းစဉ်)**

စိန်ပေါလ်ကျောင်းသားဟောင်းများ ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၇

အထက(၆) ဗိုလ်တထောင် (စိန်ပေါလ်) ကျောင်းသားဟောင်းများ၏ ၂၀၀၈ခုနှစ် နှစ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇူလိုင် ၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် သန်လျင်ဂေါက်ကွင်း၌ ကျင်းပရန်စီစဉ်ထားသည်။ ပါဝင်ယှဉ်ပြိုင်လိုသော ကျောင်းသားဟောင်းများအနေဖြင့် ဦးမောင်မောင်မြင့် (ဒုတိယဥက္ကဋ္ဌ) ဖုန်း-၅၄၇၄၅၅၊ ဦးဆန်နီညွန့်သိန်း (အတွင်းရေးမှူး) ဖုန်း-၀၉-၈၅-၆၈၃၅၃နှင့် ဦးသိန်းဆွေ (ဘဏ္ဍာရေးမှူး) ဖုန်း-၂၄၁၂၂၄၊ ၀၉-၅၁-၉၃၄၃၄တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

တိုက်နယ်ဆေးရုံအတွက် အဆောက်အအုံသစ်လှူ

ရန်ကုန် ဇွန် ၂၇

ကျန်းမာရေး ဝန်ကြီးဌာနသို့ ရန်ကုန်မြို့ ပထမမြန်မာရင်းနှီးမြှုပ်နှံမှုကုမ္ပဏီလီမိတက် (FMI Co., Ltd.) ပိုင် ပန်းလှိုင်ဆေးရုံနှင့် စင်ကာပူသမ္မတနိုင်ငံ ကြက်ခြေနီအသင်းတို့က ဧရာဝတီတိုင်း ငပုတောမြို့နယ် မန်းကျည်းပင် တိုက်နယ်ဆေးရုံအတွက် မန်းကျည်းပင်ကျေးရွာရှိ အဆောက်အအုံသစ် လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၂၃ရက် မွန်းလွဲ၂နာရီက ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရှေ့ပေါ်နှင့် ပြင်ပလူနာဌာနရှိ ကျန်းမာရေးဝန်ကြီးဌာန ယာယီကွပ်ကဲမှုရုံးခန်း၌ ကျင်းပသည်။

လွှဲပြောင်းပေးအပ်

အခမ်းအနားတွင် ပထမမြန်မာရင်းနှီးမြှုပ်နှံမှုကုမ္ပဏီလီမိတက် (FMI Co., Ltd.)ပိုင် ပန်းလှိုင်ဆေးရုံ အုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်ပိုင်က မန်းကျည်းပင်တိုက်နယ်ဆေးရုံအတွက် အမေရိကန်ဒေါ်လာ ၂၅၀၀၀ တန် (Prefabricated House) နှစ်ထပ်အဆောက်အအုံသစ်ပုံစံနှင့် အဆောက်အအုံ လွှဲပြောင်းမှု မှတ်တမ်းကို ပေးအပ်ရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က လက်ခံပြီး ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့) နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၈ ခုနှစ် ဇွန်လအတွက်

နောက်ဆုံးပတ် (တနင်္ဂနွေနေ့) (၂၉-၆-၂၀၀၈) ရက်နေ့

၂၀၀၈ ခုနှစ် ဇူလိုင်လအတွက်

(၁၃-၇-၂၀၀၈)ရက်နေ့ နှင့် (၂၇-၇-၂၀၀၈) ရက်နေ့

အခြေခံပညာကျောင်းများမှ ကျောင်းသူ ကျောင်းသားများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆွေးနွေးဟောပြော

ရန်ကုန် ဇွန် ၂၇

ရန်ကုန်တိုင်းရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ရုံးဦးစီးမှူး(၁) ဒုတိယရဲမှူးမြင့်အောင် **(အပေါ်ပုံ)** အမှတ်(၃) ယာဉ်ထိန်းနယ်မြေမှူး ဒုတိယရဲမှူး မြင့်ကြည်တို့သည် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ၊ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၇၀၀ အားလည်းကောင်း၊ အမှတ်(၄) ယာဉ်ထိန်းနယ်မြေမှူး ဒုတိယရဲမှူးခင်မောင်နှင့် အနေးယာဉ်ဌာနစုမှူး ဒုတိယရဲမှူး ရွှေဝင်းတို့သည် သဃ်န်းကျွန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ ဆရာမ၊ ကျောင်းသားကျောင်းသူ ၆၁၆ဦးအားလည်းကောင်း၊ အမှတ်(၅) ယာဉ်ထိန်းနယ်မြေမှူး ဒုတိယရဲမှူးမောင်မောင်သက်နှင့် အဖွဲ့သည် ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာဆရာမ၊ကျောင်းသားကျောင်းသူ ၃၀၀ အားလည်းကောင်း၊ ရုံးဦးစီးမှူး(၁) ဒုတိယရဲမှူးမြင့်အောင်နှင့် ရုံးဦးစီးမှူး(၂) ဒုတိယရဲမှူးဝင်းမြင့်အောင်တို့သည် ဗိုလ်တထောင်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၃၀၀အားလည်းကောင်း၊ စုစုပေါင်း ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၁၉၁၆ဦးတို့အား ယာဉ်မတော်တဆမှုအန္တရာယ် ကင်းဝေးစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောမှုများကို နံနက်ပိုင်းနှင့် ညနေပိုင်းများက အဖွဲ့များခွဲ၍ ဟောပြောပို့ချခဲ့သည်။ **(မြန်မာ့အလင်း)**

သမိုင်းတင်ရမည့် မြန်မာအမျိုးသမီးများနေ့

ဇူလိုင် ၃ရက်နေ့သည် မြန်မာအမျိုးသမီးထုတစ်ရပ်လုံး ဂုဏ်ယူမဆုံးနိုင်သော နေ့ထူးနေ့မြတ်ကြီးဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ အခွင့်အရေးအရဆုံး၊ အလွတ်လပ်ဆုံး၊ ဦးစီးဦးဆောင်ပြုကာ မိသားစုအိမ်ထောင်ကို စနစ်တကျ ထိန်းသိမ်းနိုင်သူ၊ ငြိမ်းချမ်းရေး ပေးနိုင်သူများဟု ကမ္ဘာက ချီးကျူးခံရသူများ ဖြစ်ပါသည်။ ဘာသာရေး၊ လူမှုရေး၊ ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေးတို့၌ အထက်တန်းကျကျ ကွပ်ကဲနိုင်သူများဟု နိုင်ငံခြားသားများက ဖော်ထုတ်ရေးသားခြင်း ခံရသူများ ဖြစ်ပါသည်။

ဝံသာနု မျိုးချစ်နိုင်ငံရေးခေါင်းဆောင်များ၊ စာပေကျမ်းဂန် တတ်ကျွမ်းသော စာပေပညာရှင် သီလရှင်ကြီးများ၊ နန်းတွင်းသူများလည်း ခေတ်အဆက်ဆက် ထွန်းပေါ်လာခဲ့သည်။ ကျွန်ပြုခံရသောဘဝတွင်လည်း သတ္တိကို အခြေခံကာ စွန့်စား၍ လွတ်လပ်ရေးကို ပြန်လည်ရရှိအောင်စွမ်းရည်ပြခဲ့သူများ ဖြစ်ပါသည်။ ကမ္ဘာ့မိသားစု အိမ်ထောင်ကြီး ပိုမိုကျယ်ပြန့်လာသော မျက်မှောက်ခေတ်၌မူ မြန်မာအမျိုးသမီးများသည် နိုင်ငံတော်အတွက် အားထားရမည့် စွမ်းအားရှင်များအဖြစ် လှုပ်ရှားလျက်ရှိနေကြသည်။ စတုတ္ထအကြိမ် ကမ္ဘာ့အမျိုးသမီးညီလာခံမှချမှတ်သော မူများနှင့်အညီ ပူးပေါင်း၍ သင့်မြတ်စွာ ဆက်ဆံလျက် ရှိနေကြပါသည်။

နိုင်ငံတော်၏ အမျိုးသားအင်အားစု တစ်ရပ်ဖြစ်သည့် အမျိုးသမီးရေးရာကော်မတီကို ပထမ(၁၉၉၆)ခုနှစ်၌ ဖွဲ့စည်းခဲ့ပြီး တစ်နိုင်ငံလုံး အတိုင်းအတာနှင့် ကိုက်ညီစေရန် တိုးချဲ့၍ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးကို ၂၀၀၃ ခုနှစ်၌ ဖွဲ့စည်းခဲ့ပါသည်။ ဇူလိုင် ၃ရက်ကိုလည်း မြန်မာအမျိုးသမီးများနေ့ဟု သတ်မှတ်ကာ နှစ်စဉ် ပြည်နယ်နှင့်တိုင်း ကိုယ်စားလှယ်များ ပါဝင်ညှိနှိုင်းတင်ပြသော ညီလာခံများကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပလာခဲ့ကြပါသည်။

မဲခေါင်ဒေသနှင့် နယ်နိမိတ်ချင်းဆက်စပ်နေသော နိုင်ငံများနှင့်လည်း မူးယစ်ဆေးဝါး တိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်လျက် အောင်မြင်မှု ရရှိနေသည်ကို အများအသိပင် ဖြစ်ပါသည်။လူကုန်ကူးမှုတားဆီးကာကွယ်ရေး လုပ်ငန်းများ၌လည်း အမျိုးသမီးရေးရာအဖွဲ့ဝင်များ အနေဖြင့် ရဲတပ်ဖွဲ့များ၏ အကူအညီယူကာ ပညာပေးဆွေးနွေးတားဆီးနိုင်ခဲ့ကြပါသည်။ အမျိုးသမီးများ၏ဘဝ လုံခြုံမှုနှင့် ဖွံ့ဖြိုးမှု အရှိန်အဟုန် မြင့်မားလာစေရန်ကိစ္စမှာ နိုင်ငံတော်အေးချမ်းသာယာမှု အပေါ်တွင် တည်မှီနေသဖြင့် နိုင်ငံတော်အတွက် အစွမ်းကုန်ပံ့ပိုးပေးလျက်ရှိကြပါသည်။ သူတစ်ပါးနိုင်ငံမှာ မျက်နှာငယ်ခံပြီး အလုပ်သွားလုပ်ဖို့ လုံးဝမလိုပါ။ အမျိုးသမီးများနေ့များတွင် ရုပ်မြင်သံကြားမှ ဇာတ်လမ်းများ၊ ဆွေးနွေးခန်းများ၊ ဂုဏ်ပြုကြိုဆိုသော တေးသီချင်းများ၊ ဝတ်စားဆင်ယင်မှုပြကွက်များ တင်ဆက်ပြသကာ ထူးချွန်ဆုများလည်း နှစ်စဉ်ချီးမြှင့်လျက် ရှိပါသည်။ စာပေထူးချွန်ဆု၊ ကြက်ခြေနီ၊ အားကစား၊ မသန်စွမ်းသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ သွေးလှူရှင်များ၊ ဓာတ်ပုံပြိုင်ပွဲ၊ ဆောင်းပါး၊ ဝတ္ထုပြိုင်ပွဲ၌ ထူးချွန်သူများကို ဂုဏ်ပြုလျက် အားပေးချီးမြှင့်ခဲ့ပါသည်။

သမိုင်းစဉ်တစ်လျှောက် ထွန်းကားခဲ့သော အမျိုးသားရေး မျိုးချစ်စိတ်ဓာတ်နှင့် ရိုးရာယဉ်ကျေးမှုများ၊ အမျိုးသားရေးလက္ခဏာများ တိမ်ကောပပျောက်မသွားစေရန် အမျိုးသမီးထုကြီးအား ထိန်းသိမ်းစောင့်ရှောက် ညွှန်ပြပေးဖို့ တာဝန်ယူနေကြသူများလည်း ဖြစ်ပါသည်။ **မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်အနေဖြင့် အသက်မွေးဝမ်းကျောင်းသင်တန်း၊ ဗုဒ္ဓဘာသာအခြေခံသင်တန်း၊လက်မှုပညာသင်တန်း၊လက်နှိပ်စက်သင်တန်း၊အချုပ်အလုပ်သင်တန်း၊မူကြိုသင်တန်းများ၊ကျန်းမာရေးအတွက်မိခင်နှင့်ကလေးကျန်းမာရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်ရောဂါအန္တရာယ်ကင်းဝေးရေးအတွက် ဦးဆောင်သူများကိုယ်တိုင် ကွင်းဆင်းကြပ်မတ် ပါဝင်လှုပ်ရှားနေကြ**ပါသည်။

စောမုံညင်း

ယနေ့အားကစားလောက၌မူ ပိုမိုအင်အားတောင့်တင်းလာသည်ဟု ဆိုရပါမည်။ ပျော့ညံ့အားငယ်သူများဟု ဘယ်မှာပြောရပါမည်နည်း။ ဘောလုံး၊ ဘော်လီဘော၊ ကျွမ်းဘား၊ တိုက်ကွမ်ဒို၊ ပြေးခုန်ပစ်၊ ဂျူဒို၊ ရေကူး၊ ဝူရှူး၊ အလေးမ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲများတွင် နိုင်ငံတကာနှင့် အိုလံပစ်ပွဲများအထိ ရွှေတံဆိပ်များဆွတ်ခူးကာ စွမ်းရည်ပြခဲ့ပြီး ဖြစ်ပါသည်။

နိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သော အမျိုးသမီးအင်ဂျင်နီယာများလည်း ပေါ်ထွန်းခဲ့ပေပြီ။ ရဲရွာစီမံကိန်းမှ ခေါင်းဆောင်အင်ဂျင်နီယာ ဒေါ်စီသန်းတို့အဖွဲ့ကား ပထမဆုံးဟုမှတ်မိနေသည်။ "အမျိုးသမီးများဘဝ ဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့"ခေါင်းစဉ်နှင့် ဆောင်းပါးပြိုင်ပွဲသည် အထူးအောင်မြင်ခဲ့ပါသည်။ နိုင်ငံတော်က အားပေးမြှင့်တင်ပေးမှုကြောင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ဝင်များ အမျိုးဂုဏ် ဇာတိဂုဏ်ကိုပိုမို ထိန်းသိမ်းတတ်လာကြသည်။ မိမိတို့၌ တာဝန်အသီးသီးရှိသည်ကို နိုးကြားလာခဲ့ကြပါသည်။ တိုင်းပြည်နှင့်လူမျိုး ဖွံ့ဖြိုးရေးအတွက် ဘက်ပေါင်းစုံမှ ပါဝင်လှုပ်ရှားလျက်ရှိနေကြသည်ကို အားရဖွယ် မြင်တွေ့ ကြားသိနေရပါပြီ။

သို့ရာတွင် အရေးကြီးသော အချက်တစ်ခု ကျန်သေးသည်။ မြန်မာအမျိုးသမီးတို့၏ ကြင်နာတတ်သော သဘာဝ၊ ဟီရိသြတ္တပ္ပအရှက်အကြောက်တရားနှင့် ကြီးပြင်းလာရသော ဘဝ၊ အထက်တန်းစား စာရိတ္တမြင့်မားသူများ အဖြစ် ထာဝစဉ်တည်ရှိရမည်ဖြစ်ပါသည်။ ဖန်သားပေါ်မှ မြင်တွေ့ရသော အနောက်တိုင်းယဉ်ကျေးမှုများကို အထင်ကြီးကာ မိမိတို့ ရိုးရာယဉ်ကျေးမှုကို စွန့်ပစ်ချင်သော ဉာဉ်ဆိုးလေးတွေ ရှိနေသေးသည်။ **အရှိန်အဟုန်ပြင်းစွာ ဝင်ရောက်ထိုးဖောက်လာသော တိုင်းတစ်ပါး ယဉ်ကျေးမှုများ၏ ဝါးမျိုဖုံးလွှမ်းမှုမှကာကွယ်နိုင်ရန် ကိုယ်ခံစွမ်းအား ခိုင်ခံ့ဖို့တော့လို**သည်။ တိုင်းတစ်ပါးမှ ဘောင်းဘီစကတ်တိုများကို အထင်ကြီးတန်ဖိုးထားကာ မိမိတို့ရိုးရာ ထဘီအင်္ကျီကို ယနေ့ချွတ်ချွာကုန်ကြလေပြီ၊ ဂါဝန်နှင့်လမ်းထွက်ဝံ့ကြပြီ၊ ခြေသလုံးပေါ်သောစကတ်များဝတ်မှ ဂုဏ်ရှိသည်ဟုထင်နေကြသည်။ **"ယခုကာလ မြန်မာမတို့ တုပခေတ်ဆန်းအနောက်ဟန်နှင့် ကေဆံဖားလျား ဘောင်းဘီများဖြင့် ဟထားရင်အုံ၊ မလုံမလဲ၊ စကတ်ကွဲကို ထပ်ခွဲပြန်သော်၊ သလုံးပေါ်အောင်၊ မြင်မျှော်လွဲမှား၊ ဘုရားတက်ဖူး၊ စိတ်ရှုးဖောက်ပြန်၊ ညွှံ့ခံပျော်ပါး၊ ကလပ်များ၌ ဗိုက်သားမြင်ရ၊ ချက်ဖော်ပြ၍၊ လှပရိုက်ထားဓာတ်ပုံများဖြင့် လှည့်ဖြားဖိတ်ခေါ် ကြော်ငြာလည်းရ ဝယ်ချင်ကြအောင် နှိုးဆွထည့်သွင်း စာနယ်ဇင်းတို့ ရိုင်းပင်းပံ့ပိုး သာ၍ဆိုး၏။ ဘယ်ဥပဒေ နည်းထွေထွေဖြင့် ရှာဖွေဆုံးမ သတိရအောင် လမ်းပြမှာကြား ဘယ်စကားနှင့် ဟန့်တားသော်မှ သူငယ်မတို့ နောင်တကိုယ်စီရမည်မသိ စိတ်မောဘိ၏"**ဟု တစ်ခါက ထိုးနှက်သော ကဗျာရေးခဲ့ဖူးသည်။ မကြာခဏ ရွတ်ပြခဲ့ဖူးသည်။

သို့သော် မြန်မာအမျိုးသမီးလေးများ ယခုကော ပြုပြင်လာကြပြီလော။ လေဘာတီ မင်းသမီးမခြရင်ကသည့်အခါ ခြေစွပ်ချွတ်ဖို့ တောင်းဆိုသူရှိခဲ့သည်။ ရွှေဒင်္ဂါးတစ်ပြား ထပ်မံဆုချဦးမည်ဟုဆွဲဆောင်သော်လည်း မခြရင်က ခြေသလုံးအပေါ်မခံလိုပါ။ ယနေ့ ခြေသလုံးများကိုမူ ဘာမှပေးစရာမလို၊ ဖောဖောသီသီကြီးမြင်နေကြရသည်။ ခြေသလုံးနှင့် ယဉ်ကျေးမှုသည် တကယ်တော့ သိပ်မဆိုင်ပါ။ သို့သော် မြန်မာ့ရိုးရာအဖိုးတန်ဝတ်စားဆင်ယင်မှု မဟုတ်၍ ပြုပြင်သင့်ပါသည်။

ယခုနှစ် ဇူလိုင်လ ၃ရက်နေ့ မြန်မာအမျိုးသမီးများနေ့မှစတင်၍ ဟုတ်ကဲ့သမီးတို့ ဆင်ခြင်ပါတော့မည်ဟု ကတိပေးကြသလိုလို အာရုံထဲတွင် ဝိုးတဝါးပေါ်လာနေပါသည်။ အိပ်မက်တော့ မဟုတ်ပါစေနှင့်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်အနေဖြင့် အသက်မွေးဝမ်းကျောင်းသင်တန်း၊ ဗုဒ္ဓဘာသာအခြေခံသင်တန်း၊ လက်မှုပညာသင်တန်း၊ လက်နှိပ်စက်သင်တန်း၊ အချုပ်အလုပ်သင်တန်း၊ မူကြိုသင်တန်းများ၊ ကျန်းမာရေးအတွက် မိခင်နှင့် ကလေးကျန်းမာရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ရောဂါအန္တရာယ်ကင်းဝေးရေးအတွက် ဦးဆောင်သူများကိုယ်တိုင် ကွင်းဆင်းကြပ်မတ် ပါဝင်လှုပ်ရှားနေကြ။ အရှိန်အဟုန်ပြင်းစွာ ဝင်ရောက်ထိုးဖောက်လာသော တိုင်းတစ်ပါး ယဉ်ကျေးမှုများ၏ ဝါးမျိုဖုံးလွှမ်းမှုမှ ကာကွယ်နိုင်ရန် ကိုယ်ခံစွမ်းအား ခိုင်ခံ့ဖို့တော့လို။

မူးယစ်ဆေးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား အင်းစိန်မြို့နယ်တွင်ကျင်းပ

ရန်ကုန် ဇွန် ၂၇

အင်းစိန်မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းက ကြီးမှူး၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၂၆ရက် နံနက်၉နာရီက အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါး များ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦးထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေက ဖတ်ကြားသည်။

ထို့နောက် စာစီစာကုံး၊ ကဗျာနှင့် ပိုစတာပြိုင်ပွဲတို့တွင် ဆုရရှိကြသူများ၊ အသင်းဝင်များ၏ သားသမီးများထဲမှ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြသူများနှင့် ဂုဏ်ထူးရသူများ **(အပေါ်ပုံ)**၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)က ကြီးမှူးကျင်းပသည့် ပထမအကြိမ် ကျပန်းစကားပြောပြိုင်ပွဲ၌ ပြိုင်ပွဲဝင် ကျောင်းသားကျောင်းသူများအားလည်းကောင်း၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (ဗဟို)မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ကြသည်။ **(သတင်းစဉ်)**

မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် အောင်စည်းစိမ် ကျောက်မျက်ကုမ္ပဏီတို့ ပူးပေါင်း၍ ကျေးဇူးကြီးလှ မိနှင့်ဖတို့၏ မေတ္တာဂုဏ်ရည် ပူဇော်ဟောပြောပွဲကို ဇွန် ၂၀ရက်က မရမ်းကုန်းမြို့နယ် အထက(၄)ခန်းမ၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစန်းအောင် အမှာစကားပြောကြားစဉ်။ (က-ပ)

အိုလံပစ်နေ့အထိမ်းအမှတ် ဂျူဒိုပြိုင်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၇

မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၈ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ဂျူဒိုပြိုင်ပွဲကို ဇွန်၂၄ရက်နံနက်ပိုင်းက ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးသိန်းအောင်နှင့်ဦးအေးကြည်၊ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ဦးနှင့် အမှုဆောင်များ တက်ရောက်ကြသည်။

ပြိုင်ပွဲတွင် အမျိုးသားလေးတန်းနှင့် အမျိုးသမီးခြောက်တန်းများမှ ဂျူဒိုအားကစားသမားများအား ပတ်လည်စနစ်ဖြင့် ကျင်းပပြီး ဆုရရှိကြသော အားကစားမောင်မယ်များအား မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးသိန်းအောင်၊ ဦးအေးကြည်နှင့် အမှုဆောင်များက ဆုများကိုအလှည့်ကျ ပေးအပ်ချီးမြှင့်ကြသည်။ **(အောက်ပုံ)** **(မြန်မာ့အလင်း)**

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

အသင်းကြီးတွေထိပ်တိုက်ဆုံတွေ့တဲ့ ယူရို၂၀၀၈ ဗိုလ်လုပွဲ စပိန် နဲ့ ဂျာမနီ ချန်ပီယံဘယ်သူဖြစ်မလဲ

ဘန်း ဇွန် ၂၇

ယူရို၂၀၀၈ ဘောလုံးပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ဂျာမနီနဲ့စပိန်တို့ ဇွန်၃၀ရက်မှာ ယှဉ်ပြိုင်ကစားကြတော့မှာ ဖြစ်ပါတယ်။ ယူရို၂၀၀၈ ခရီးကြမ်းကို ခက်ခက်ခဲခဲ ဖြတ်သန်းပြီးမှ နောက်ဆုံးဗိုလ်လုပွဲကို ထိုက်ထိုက်တန်တန် တက်ရောက်လာခဲ့တဲ့ ဂျာမနီနဲ့စပိန်တို့ရဲ့ နောက်ဆုံးဗိုလ်လုပွဲဟာ တကယ့်ကို အကြိတ်အနယ်နွှဲရမယ့်ပွဲအဖြစ် မြင်တွေ့ရမှာဖြစ်ပါတယ်။

ဒီနှစ်သင်းရဲ့ အနေအထားကို ကြည့်ရင် တစ်ဖက်နဲ့တစ်ဖက် အင်အားချိန်ခွင်လျှာ ညီမျှနေတာကို တွေ့ရမှာဖြစ်ပြီး ယူရို၂၀၀၈ပြိုင်ပွဲ မဝင်ခင်ကတည်းက နှစ်သင်းစလုံးဗိုလ်စွဲမယ်လို့ ရေပန်းစားခဲ့တဲ့ အသင်းတွေလည်း ဖြစ်ပါတယ်။ ဒါကြောင့် ဗိုလ်လုပွဲမှာ ဒီနှစ်ရဲ့ လက်ရှိ အခြေအနေကို သုံးသပ်ကြည့်လိုက်တဲ့အခါ....

စပိန်အတွက် တောရက်စ် ဂိုးသွင်းပေးနိုင်ပါ့မလား။

ဂျာမနီ

ယူရို ၂၀၀၈ပြိုင်ပွဲ မစခင်ကတည်းက ဗိုလ်စွဲမယ်လို့ ထိပ်ဆုံးကရေပန်းအစားဆုံးအသင်းကတော့ ဂျာမနီအသင်းပဲ ဖြစ်ပါတယ်။ ဂျာမနီအသင်းဟာ အုပ်စု(ခ)မှာ ပိုလန်ကို နှစ်ဂိုးပြတ်နဲ့နိုင်ပြီး ခရိုအေးရှားကို နှစ်ဂိုး-တစ်ဂိုးနဲ့ရှုံးကာ သြစတြီးယားကို တစ်ဂိုး-ဂိုးမရှိနဲ့နိုင်ပြီး ကွာတားဖိုင်နယ်ကို တက်ရောက်ခဲ့တာ ဖြစ်ပါတယ်။ ကွာတားဖိုင်နယ်မှာ ပေါ်တူဂီအသင်းကို ပွဲချိန်ပြီးဆုံးခါနီးမှာမှ အနိုင်ဂိုးသွင်းယူပြီး အကြိုဗိုလ်လုပွဲကို တက်ရောက်လာခဲ့ပါတယ်။ အကြိုဗိုလ်လုပွဲမှာတော့ တူရကီအသင်းကို ခက်ခက်ခဲခဲကစားပြီး ကံကောင်းစွာနဲ့ ပွဲအပြီး လေလွင့်ချိန်မှာ အနိုင်ဂိုးသွင်းယူနိုင်ခဲ့တာမို့ အခုလို နောက်ဆုံးဗိုလ်လုပွဲကို တက်ရောက်လာခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် ဂျာမနီအသင်းဟာ ယူရို ၂၀၀၈ပြိုင်ပွဲမှာ အကြိုဗိုလ်လုပွဲအထိ ငါးပွဲကစားခဲ့ရာမှာ ခရိုအေးရှားကို တစ်ပွဲရှုံးပြီး ကျန်လေးပွဲ အနိုင်ရရှိခဲ့ပါတယ်။ စုစုပေါင်း သွင်းဂိုး ၁၀ဂိုးနဲ့ ပေးဂိုး ငါးဂိုး ရလဒ်တွေ ပိုင်ဆိုင်ထားပါတယ်။

ဖန်တီးနိုင်

ဂျာမနီအသင်းနည်းပြ ဂျိုးအာချင်လိုဟာ ယူရို ၂၀၀၈ ပွဲစဉ်တစ်လျှောက် ၄-၄-၁-၁ အခင်းအကျင်းကို အားသန်ခဲ့သူဖြစ်တာမို့ ဒီဗျူဟာနဲ့ပဲ ဗိုလ်လုပွဲမှာ စပိန်ကို ရင်ဆိုင်မှာဖြစ်ပါတယ်။ ဂျာမနီအသင်းမှာ တိုက်စစ်မှူးတွေဖြစ်တဲ့ ကလိုဆေးနဲ့ ပိုဒေါလ်စကီးတို့က အတွဲညီပြီး အကျပ်အတည်းကြားက ဂိုးရအောင်သွင်းယူနိုင်ကြတဲ့ သူတွေပါပဲ။ တောင်ပံကစားသမားတွေဖြစ်တဲ့ ဟစ်ဇ်ပါဂါနဲ့ ရှဝိန်းစတိုင်ဂါတို့ကလည်း အခွင့်အရေးရရင် ကြုံသလို ဂိုးသွင်းနိုင်ကြသူတွေဖြစ်တာမို့ အားထားရသူတွေဖြစ်ပါတယ်။ ကွင်းလယ်မှာ ဂိုလ်ပက်စ်နဲ့ အသင်းခေါင်းဆောင် ဘောလက်တို့ အတွဲကလည်း တိုက်စစ်၊ ခံစစ်တွေကို လိုက်ပါ ကူပေးနိုင်ကြသူတွေဖြစ်ပြီး ကွင်းလယ်ကစားကွက် စီးမိအောင်လည်း ဖန်တီးနိုင်ကြသူတွေ ဖြစ်ပါတယ်။

ဖြတ်ကျော်ရမည်

ဒါပေမယ့် သတိထားရမှာက ဂျာမနီနောက်တန်းပါပဲ၊ နောက်တန်းအစွန် ကစားသမားတွေဖြစ်တဲ့ ဖိလစ်လမ်းနဲ့ ဖရိုင်းဒရစ်ချ်တို့က တိုက်စစ်ကို ဦးစားပေးလွန်းတာကြောင့် ဟာကွက်တွေဖြစ်ပေါ်ပြီး စပိန်တိုက်စစ်မှူးတွေ အကြိုက်တွေ့သွားနိုင်ပါတယ်။ ဂျာမနီရဲ့ ဗဟိုခံစစ်မှူးတွေဖြစ်တဲ့ မက်ဇဲလ်ဒါနဲ့ မာတီဆက်တာတို့က တစ်ခါတရံ တစ်ဖက်အသင်းက အင်နဲ့အားနဲ့ တိုက်စစ်ဆင်လာရင် ပျာယာခတ်နေတတ်တာမို့ သတိထားရပါလိမ့်မယ်။ ဂျာမနီဂိုးသမား လေမန်းကတော့ အတွေ့အကြုံရင့်ကျက်သူပီပီ တည်တည်ငြိမ်ငြိမ်နဲ့ ဂျာမနီဂိုးပေါက်ကို ကာကွယ်နိုင်သူပါပဲ။ ဒါပေမယ့် တစ်ခါတစ်ရံမှာ ဆုံးဖြတ်ချက် မပြတ်သားလို့ အမှားဖြစ်ပြီး ဂိုးပေးရတာမျိုးတော့ အားနည်းချက်တစ်ရပ်အဖြစ် ရှိနေတတ်ပြန်ပါတယ်။ ဂျာမနီအသင်းဟာ အသင်းလိုက်ကစားအားကောင်းပေမယ့် အထနှေးတတ်တာမို့ လျင်မြန်တဲ့ စပိန်တိုက်စစ်မှူးတွေကို သတိထားရပါလိမ့်မယ်။ ဂျာမနီတို့ ခက်ခက်ခဲခဲ ဖြတ်ကျော်ရမယ့်ပွဲဖြစ်တာမို့ အနိုင်ရဖို့ သိပ်တော့မလွယ်ဘူးလို့ ယူဆပါတယ်။

စပိန်

၁၉၆၄ခုနှစ်က ယူရိုဖလားရရှိခဲ့ပြီးနောက် ၄၄နှစ်ကြာ ယူရိုဖလားနဲ့ အလှမ်းဝေးခဲ့ရပြီးတဲ့နောက်မှာ ဖလားရယူနိုင်ဖို့ အခွင့်အရေးကြုံလာတဲ့ စပိန်အသင်းဟာ နောက်ဆုံးဗိုလ်လုပွဲမှာတော့ ဖလားကိုင်မြှောက်ခွင့်ရအောင် အစွမ်းကုန်ကြိုးစားတော့မှာဖြစ်ပါတယ်။ ယူရို၂၀၀၈ပြိုင်ပွဲ မစတင်မီက ဗိုလ်စွဲမယ်လို့ ရေပန်းသိပ်မစားခဲ့တဲ့ စပိန်အသင်းဟာ တကယ်တမ်းကစားတဲ့အခါ ဗိုလ်လုပွဲအထိ ရှုံးပွဲမရှိခဲ့ပါဘူး။

တက်ရောက်လာခဲ့

ယူရို၂၀၀၈ပြိုင်ပွဲရဲ့ အုပ်စု(ဃ)မှာပါဝင်ခဲ့တဲ့ စပိန်အသင်းဟာ ရုရှားကို လေးဂိုး-တစ်ဂိုး၊ ဆွီဒင်ကို နှစ်ဂိုး-တစ်ဂိုး၊ ဂရိကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ယူပြီး အုပ်စု(ဃ)မှ အုပ်စုဗိုလ်အဖြစ်နဲ့ ကွာတားဖိုင်နယ် တက်ရောက်ခဲ့ပါတယ်။ ကွာတားဖိုင်နယ်မှာ နာမည်ကြီး အီတလီအသင်းကို ပယ်နယ်တီအဆုံးအဖြတ် လေးဂိုး-နှစ်ဂိုးနဲ့ အနိုင်ယူပြီး အကြိုဗိုလ်လုပွဲကို တက်ရောက်ခဲ့တာဖြစ်ပါတယ်။ အကြိုဗိုလ်လုပွဲမှာတော့ ခြေတက်နေတဲ့ ရုရှားအသင်းကို သုံးဂိုးပြတ်သွင်းပြီး နောက်ဆုံးဗိုလ်လုပွဲကို ထိုက်ထိုက်တန်တန် တက်ရောက်လာခဲ့တာဖြစ်ပါတယ်။

အဓိကကစားသမား

စပိန်အသင်းနည်းပြ အာရာဂိုးနက်စ်ဟာ ယူရို၂၀၀၈ပွဲစဉ်တွေမှာ ၄-၄-၂ အခင်းအကျင်းကို စွဲကိုင်အသုံးပြုပြီး ချီတက်ဖြတ်သန်း အောင်ပွဲတွေရယူနိုင်ခဲ့တာမို့ နောက်ဆုံးဗိုလ်လုပွဲမှာ ဒီအခင်းအကျင်းနဲ့ပဲ အသုံးပြုယှဉ်ပြိုင်စေမှာ ဖြစ်ပါတယ်။ စပိန်အသင်းရဲ့ တိုက်စစ်မှူးတွေဖြစ်တဲ့ တောရက်စ်နဲ့ ဒေးဗစ်ဗီလာတို့က ဂျာမနီနောက်တန်းကို ကောင်းကောင်း မွှေနှောက်နိုင်သူတွေဖြစ်ပေမယ့် ခြေထောက်ဒဏ်ရာရရှိထားတဲ့ တိုက်စစ်မှူး ဒေးဗစ်ဗီလာကတော့ နောက်ဆုံးဗိုလ်လုပွဲမှာ မပါဝင်နိုင်တော့တာမို့ စပိန်တိုက်စစ်ကို ထိခိုက်စေတာကတော့ အမှန်ပါပဲ။ ကွင်းလယ်က အင်နီယေစတာ၊ ဆန်နာ၊ ဇာဗီးနဲ့ ဒေးဗစ်ဆေးလ်ဗားတို့က တိုက်စစ်မှာလိုက်ပါပြီး ဂိုးရအောင် သွင်းယူနိုင်ကြသူတွေ ဖြစ်ပါတယ်။ ကွင်းလယ်ကစားအားမှာ ဂျာမနီတို့ထက် ပိုပြီးထက်မြက်တဲ့အပြင် နောက်တန်းက ရာမို့စ်၊ မာချီနား၊ ပူယိုးလ်နဲ့ ကတ်ဒီဗီလာတို့က အမှားအယွင်းမရှိအောင် ကစားနိုင်ကြတဲ့သူတွေ ဖြစ်ပါတယ်။ စပိန်ဂိုးသမား ကာဆီးလက်စ်ကတော့ စပိန်အသင်း နောက်ဆုံးဗိုလ်လုပွဲအထိရောက်အောင် စွမ်းဆောင်ပေးနိုင်တဲ့ အဓိကကစားသမားပါပဲ။

ဂျာမနီအတွက် အားထားရသည့် တိုက်စစ်မှူး ကလိုဆေး။

အလေးသာ

စပိန်အသင်းဟာ ယူရို၂၀၀၈ပွဲစဉ်တစ်လျှောက်မှာ စုစုပေါင်းငါးပွဲကစားပြီးတဲ့အချိန်အထိ သွင်းဂိုး ၁၂ဂိုး၊ ပေးဂိုး ငါးဂိုးရှိထားတာမို့ တိုက်စစ်၊ ခံစစ် မျှတတဲ့ အနေအထားရှိနေပါတယ်။ တစ်ဦးချင်းနဲ့ အသင်းလိုက်ကစားအားမှာ ဂျာမနီတို့ထက် စပိန်တို့က ပိုပြီးစုစည်းမှု၊ စိတ်ဓာတ်ပြင်းထန်မှု ပိုမိုသာလွန်တာမို့ စပိန်တို့ ယူရို၂၀၀၈ ဗိုလ်လုပွဲမှာ ဗိုလ်စွဲသွားနိုင်ဖို့ အလေးသာနေတာတော့ အမှန်ပါပဲ။ ။

(ကိုးကား-အင်တာနက်)

စပိန်နှင့် ရုရှားတို့ ယူရို ၂၀၀၈အကြို ဗိုလ်လုပွဲအပြီး နည်းပြ အာရာဂိုးနက်စ်နှင့် ဂူဟစ်ဒင့်တို့ စကားသံ

ဘန်း ဇွန် ၂၇

ယူရို ၂၀၀၈ ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် စပိန်နှင့်ရုရှားအသင်းတို့ ဇွန်၂၇ရက် နံနက်က ယှဉ်ပြိုင်ကစားခဲ့ရာ စပိန်တို့က သုံးဂိုးပြတ်ဖြင့် အနိုင်ရပြီး နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့ပြီဖြစ်သည်။

အဖွင့်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက်မှာ ကျွန်တော်တို့ အနိုင်ရပြီလို့ ယုံကြည်လိုက်ပါပြီ။

(စပိန်နည်းပြ အာရာဂိုးနက်စ်)

ရုရှားအသင်းကို အနိုင်ယူခဲ့သည့် စပိန်နည်းပြ အာရာဂိုးနက်စ်က **"ကျွန်တော်တို့ ပထမပိုင်းမှာ ဂိုးမသွင်းနိုင်ခဲ့လို့ နည်းနည်းတော့ စိုးရိမ်စိတ်ဖြစ်ခဲ့ပါတယ်။ ဒုတိယပိုင်း ပွဲအစမှာကတည်းက အဖွင့်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက်မှာ ကျွန်တော်တို့အနိုင်ရပြီလို့ ယုံကြည်လိုက်ပါပြီ။ ရုရှားတို့ ဒုတိယပိုင်းမှာ ခံစစ်အခြေပြုခဲ့လို့ ကျွန်တော့်တိုက်စစ်မှူးတွေ ခက်ခက်ခဲခဲ ဂိုးသွင်းခဲ့ရပေမယ့် ဂိုးရအောင်သွင်းနိုင်တာကိုတော့ ချီးကျူးပါတယ်။ ရုရှားကစားသမားတွေဟာ ခြေစွမ်းမြင့်တဲ့သူတွေပါပဲ။ လွယ်လွယ်ကူကူတော့ အနိုင်ရခဲ့တာမဟုတ်ပါဘူး"**ဟုပြောကြားသွားခဲ့သည်။

နည်းပြဂူဟစ်ဒင့်

ထို့အတူ စပိန်အသင်းကို သုံးဂိုးပြတ် ရှုံးနိမ့်ခဲ့ရသည့် ရုရှားနည်းပြဂူဟစ်ဒင့်က **"ဒီလောက်အထိ ဂိုးပြတ်သွားမယ်လို့တော့ မထင်ထားပါဘူး၊ ကျွန်တော့်ကစားသမားတွေ နားလည်မှုလွဲချော်တာတွေများပြီး ခြေစွမ်းလည်း ပျောက်နေခဲ့တာ နားမလည်နိုင်အောင်ပါပဲ။ စပိန်အသင်းက ကျွန်တော်တို့ထက် ခြေပိုသာတာကတော့ လက်ခံရမှာပါပဲ။ ဒါပေမယ့် ကျွန်တော့်လူတွေ ခြေစွမ်းကျဆင်းခဲ့တာမို့ ကွင်းလယ်ကစားကွက် ပျောက်သလိုဖြစ်ခဲ့ရတယ်။ ဒါကြောင့်မို့ စပိန်နောက်တန်းကို ဒုတိယပိုင်းမှာ ဂိုးမသွင်းနိုင်ဘဲ ဖြစ်ခဲ့ရတာပါ"**ဟု ပြောကြားခဲ့သည်။

အခင်းအကျင်း

ရုရှားနှင့်စပိန်တို့ အကြိုဗိုလ်လုပွဲ ကစားခဲ့သည့် အနေအထားကို ကြည့်လျှင် ရုရှားတို့က ၃-၄-၃ အခင်းအကျင်းနှင့် ကစားခဲ့သလို စပိန်တို့က ၄-၄-၂ ဗျူဟာဖြင့်သာ ရင်ဆိုင်ကစားခဲ့သည်။ ရုရှားတိုက်စစ်တွင် ပါလူချင်ကို၊ အိုင်ဗင်စင်ကိုနှင့်အာရှာဗင်တို့သုံးဦးထားပြီး ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ရာ စပိန်တို့ ရုရှားတိုက်စစ်ကို ဟန့်တားနေခဲ့ရသည်။

ပြန်လည်တိုက်စစ်ဆင်

ရုရှားမှ ပါလူချင်ကို၏ကန်သွင်းချက်နှင့် အာရှာဗင်၏ အပိုင်ကန်သွင်းခွင့် အခွင့်အရေးများ ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့သဖြင့် ပထမပိုင်း၌ ရုရှားတို့ဂိုးသွင်းခွင့်များ ရရှိခဲ့သော်လည်း ဂိုးမရရှိခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းပွဲချိန်၌ ရုရှားတို့၏ ထိုးဖောက်ဂိုးသွင်းမှုများကြောင့် စပိန်အသင်း ဟန်ချက်ပျက်လျက် ရှိနေရာမှ ပွဲချိန် ၃၃ မိနစ်၌ ဖာဘရီဂတ်စ်ဝင်ကစားခဲ့သဖြင့် ကစားကွက်တည်ငြိမ်သွားပြီး ပြန်လည်တိုက်စစ်ဆင်နိုင်ခဲ့သည်။

နစ်နာ

ရုရှားအသင်း ၃၄မိနစ်၌ ဘယ်ခြမ်းမှ ဂိုးရှေ့ဖြတ်တင်ပေးလိုက်သည့်ဘောလုံးကို ရုရှားကွင်းလယ်ကစားသမား ပါလူချင်ကိုက လေထဲတွင် ရင်ဘတ်နှင့် တစ်ချက်ထိန်းပြီး ဘယ်ခြေဖြင့်ပတ်ပြီး ကန်သွင်းရာ စပိန်နောက်ခံလူတစ်ဦး ဝင်ဖျက်မှုကြောင့် ဘေးထွက်သွားသဖြင့် အပိုင်ဂိုးရရှိမှု နစ်နာခဲ့ရသည်။ ရုရှားတိုက်စစ်မှူးပါလူချင်ကို ယခုပွဲ၌ ခြေပေါ်အောင် ကစားနိုင်သဖြင့် စပိန်နောက်ခံလူများ သုံးဦးအထိဝိုင်းပြီး ဟန့်တားခဲ့ရသည်။

အဖွင့်ဂိုး

ဒုတိယပိုင်း၌ စပိန်တို့ ကစားကွက်ပြန်တည်မိပြီး ကွင်းလယ်ကစားကွက်ကို ထိန်းချုပ်နိုင်ခဲ့ရာမှ မိနစ် ၅၀၌ စပိန်ကွင်းလယ်ကစားသမား ဇာဗီးက သုံးကိုက်အကွာမှ အနိမ့်ဘောသွင်းယူခဲ့သဖြင့် အဖွင့်ဂိုးရရှိခဲ့သည်။ ရုရှားအသင်း ကစားကွက်ပျက်သလို ဖြစ်သွားပြီး အပေးအယူများ လွဲချော်နေခဲ့သဖြင့် စပိန်တို့ ဖိကစားနိုင်ခဲ့သည်။ စပိန်အတွက် ဒုတိယဂိုးကို ၇၃မိနစ်၌ ဖာဘရီဂတ်စ် အသာမတင်ပေးလိုက်သည့် ဘောလုံးကို စပိန်တိုက်စစ်မှူး ဂူရီဇာက အပိုင်ကန်သွင်းယူခဲ့သဖြင့် ဒုတိယဂိုး ရရှိခဲ့ပြန်သည်။

ဒီလောက်အထိ ဂိုးပြတ်သွားမယ်လို့တော့ မထင်ထားဘူး။

(ရုရှားနည်းပြ ဂူဟစ်ဒင့်)

အနိုင်ရ

ရုရှားတို့ ကစားကွက်တည်မရဘဲ ဖြစ်နေရာ ချေပဂိုးရရှိရေး ကြိုးစားသော်လည်း အရာမထင်ဘဲနေခဲ့သည်။ စပိန်တို့က ကစားကွက်စီးထားရာမှ ၈၃မိနစ်တွင် ဖာဘရီဂတ်စ်ဘယ်ခြမ်းမှ ဖြတ်တင်ပေးလိုက်သည့် ဘောလုံးကို စပိန်ကွင်းလယ်ကစားသမား ဒေးဗစ်ဆေးလ်ဗားက ဘယ်ခြေဖြင့် ကန်သွင်းယူခဲ့သဖြင့် စပိန်တို့ သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ။

(အင်တာနက်)

မောင်မောင်မြင့်ဆွေနှင့် ချစ်စိုးနိုင် စုစည်းသည်

ပြင်သစ်လက်ရွေးစင်အသင်း ခြေစွမ်းကျလာ ဂန္ထဝင်ကစားသမား အဲရစ်ကန်တိုနာ ပြောကြား

ပါရီ ဇွန် ၂၇

လွန်ခဲ့သောနှစ်များစွာက ပြင်သစ်လက်ရွေးစင်အသင်း၏ ကစားနည်း၊ ကစားဟန်သည် လှပပြီး စတိုင်ကျကာ အောင်မြင်မှုရခဲ့ကြောင်း၊ သို့သော်လည်း ယခုနှစ်အနည်းငယ်အတွင်း ပြင်သစ်အသင်းမှာ အခြေအနေ ဆိုးရွားနေကြောင်း လက်ရွေးစင်ဟောင်း ပြင်သစ်ဂန္ထဝင်ဘောလုံးသမား အဲရစ်ကန်တိုနာ**(အောက်ပုံ)**က ပြောကြားလိုက်သည်။

ဝေဖန်ခံနေရ

ပြင်သစ်အသင်းသည် ယူရို၂၀၀၈ ဘောလုံးပြိုင်ပွဲတွင် အုပ်စုအဆင့်မှပင် ထွက်ခဲ့ရပြီး အထူးသဖြင့် ရိုမေးနီးယားနှင့် ဂိုးမရှိသရေကျခဲ့သောပွဲအတွက် ဝေဖန်ခံနေရသည်။

ပြောကြားခဲ့

၁၉၈၇ခုနှစ်မှ ၁၉၉၅ခုနှစ်အတွင်း ပြင်သစ်လက်ရွေးစင် ဘောလုံးအသင်းအတွက် ၄၅ပွဲကစားပြီး ဂိုး၂၀သွင်းပေးခဲ့သူ ကန်တိုနာက သူ၏ပြင်သစ်အသင်းသည် ၁၉၉၈ ခုနှစ်တွင် ကမ္ဘာ့ဖလားချန်ပီယံဖြစ်ပြီးကတည်းက တောက်လျှောက် ခြေစွမ်းကျလာခဲ့သည်ဟု ဆိုသည်။



(အင်တာနက်)

အမေရိကန်လက်ဝှေ့သမားဂျုနီယာ ကမ္ဘာ့ချန်ပီယံဂျိုးကယ်လ်ဇာဂီနှင့် ထိုးသတ်မည်

လန်ဒန် ဇွန် ၂၇

လက်ဝှေ့သမား ရွိုင်ဂျိုးဂျုနီယာ (အပေါ်ဝဲပုံ)**သည် ယခုလာမည့် ဆောင်းဦးပေါက်၌ လက်ဝှေ့ပြိုင်ပွဲများတွင် ရှုံးပွဲမရှိသေးသော လိုက်ဟဲဗီးဝိတ် လက်ဝှေ့သူရဲကောင်း ဂျိုးကယ်လ်ဇာဂီအား ယှဉ်ပြိုင်ထိုးသတ်မည်ဟု ဇွန်၂၇ရက်က အခိုင်အမာ** ပြောကြားလိုက်သည်။ အမေရိကန်လက်ဝှေ့သမားဂျုနီယာက မိမိသည်ကမ္ဘာ့ချန်ပီယံ ကယ်လ်ဇာဂီနှင့် ယခုနှစ် စက်တင်ဘာ ၂၀ရက်တွင် အမေရိကန်နိုင်ငံ လပ်စ်ဗီးဂက်စ်မြို့ရှိ အမ်ဂျီအမ်ဂရင်း အားကစားရုံကြီး၌ ယှဉ်ပြိုင်ထိုးသတ်မည်ဟုဆိုခဲ့သည်။

မိမိနှင့်ဂျိုးကယ်လ်ဇာဂီသည် လာမည့် ဆောင်းဦးပေါက်ရာသီ၌ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ကြောင်း၊ စက်တင်ဘာ ၂၀ရက်တွင် ထိုးသတ်ရဖွယ်ရှိကြောင်း ဂျုနီယာက ဆန်းသတင်းစာသို့ ပြောကြားခဲ့သည်။

(အင်တာနက်)

စပိန်နှင့်အကြိုဗိုလ်လုပွဲမှ သင်ခန်းစာယူသင့်ကြောင်း တိုက်စစ်မှူးအင်ဒရီအာရှာဗင်အား ဂူဟစ်ဒင့်ပြောကြား

မော်စကို ဇွန် ၂၇

ရုရှားတိုက်စစ်မှူး အင်ဒရီအာရှာဗင်သည် ယူရို၂၀၀၈ အကြိုဗိုလ်လုပွဲအတောအတွင်း စပိန်ကလပ်အသင်းများ၏ ပစ်မှတ်ထားမှုကို ခံခဲ့ရခြင်းကြောင့် အကြိုဗိုလ်လုပွဲတွင် စွမ်းဆောင်မှု လျော့ကျခဲ့ရခြင်းအပေါ် အဖိုးတန်သော သင်ခန်းစာကောင်းများ ရယူနိုင်လိမ့်မည်ဟု မိမိယုံကြည်ကြောင်း နည်းပြဂူဟစ်ဒင့်က ပြောကြားခဲ့သည်။

ဘာစီလိုနာအသင်းက ခေါ်ယူစာချုပ်မည့် အာရှာဗင်သည် အုပ်စုတွင်း ဆွီဒင်၊ နယ်သာလန်တို့နှင့် ယှဉ်ပြိုင်ကစားရသော ပွဲစဉ်များတွင် ခြေစွမ်းပြ ဂိုးသွင်းခဲ့သူဖြစ်သည်။

ဂိုးပြတ်နိုင်

သြစတြီးယားနိုင်ငံ ဗီယင်နာမြို့ အန်းဟာပယ်လ် အားကစားကွင်းတွင် ဇွန်၂၆ရက်က ယှဉ်ပြိုင်ကစားခဲ့သော အကြိုဗိုလ်လုပွဲစဉ်၌ ရုရှားအသင်း တိုက်စစ်မှူး အာရှာဗင်အား စပိန်အသင်းက ထိန်းချုပ်ကစားနိုင်ခဲ့ပြီး သုံးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ယူကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့သည်။

ဆွီဒင်၊ နယ်သာလန်တို့နှင့် ယှဉ်ပြိုင်ကစားသော ပွဲစဉ်များတွင် အာရှာဗင်သည် ခြေစွမ်းပြကစားနိုင်ခဲ့ကြောင်း၊ သူ၏ခြေစွမ်းပြကစားမှုမှာ အလယ်အလတ်အဆင့်သာ ရှိသော်လည်း မီဒီယာအများစုက အာရှာဗင်၏ခြေစွမ်းမှာ ထိပ်တန်းအဆင့်ရှိသည်ဟု ရေးသားဖော်ပြကြပြီး ရုရှားအသင်းအား ထိုးစစ်ဆင်မှုပြုလုပ်ခဲ့ကြောင်း ဂူဟစ်ဒင့်က ပြောကြားခဲ့သည်။

ခြေစွမ်း

အာရှာဗင်သည် ကစားအားကောင်းကြောင်း၊ သို့သော်လည်း မီဒီယာများကြောင့် သူ၏ပြိုင်ဘက်များက သူ့အား အထူးအာရုံစိုက် ပိတ်ဆို့ကစားခဲ့သဖြင့် အာရှာဗင်အနေဖြင့် ပြီးခဲ့သည့် ပွဲကြီးပွဲကောင်းဖြစ်သော အရေးကြီးသည့် စပိန်နှင့်ပွဲတွင် အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး သူ့စိတ်ကြိုက် တိုက်စစ်ဆင်ခွင့် အခွင့်အရေးများ ထင်သလောက် မရရှိခဲ့ကြောင်း ဂူဟစ်ဒင့်က သုံးသပ်ပြောကြားခဲ့သည်။ **(အင်တာနက်)**

အားကစားဝန်ကြီးဌာန ဝန်ထမ်းများ၏ သားသမီးများ ပညာရေးထောက်ပံ့မှုများ ပေးအပ်ချီးမြှင့်

နေပြည်တော် ဇွန် ၂၇

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန နေပြည်တော်တွင် တာဝန်ထမ်းဆောင်လျက်ရှိကြသော ဝန်ထမ်းများ၏သားသမီး ကျောင်းသား ကျောင်းသူများအား ၂၀၀၈-၂၀၀၉ခုနှစ် ပညာသင်နှစ်အတွက် ပညာရေးထောက်ပံ့စရိတ်ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက်၉နာရီက နေပြည်တော်ရှိ အစည်းအဝေးခန်းမ (၁)၌ကျင်းပသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ထောက်ပံ့မှုများပေးအပ်ခြင်း၏ ရည်ရွယ်ချက်များနှင့် ကျောင်းသားကျောင်းသူများ ပညာရည်မြင့်မားအောင် ကြိုးစားကြရေး အမှာစကားပြောကြားသည်။ ထို့နောက် ဝန်ကြီးက တက္ကသိုလ်အဆင့် ကျောင်းသား ကျောင်းသူ ၁၅ဦး၊ အထက်တန်းအဆင့် ၂၁ဦး၊ အလယ်တန်းအဆင့် ၃၀နှင့် မူလတန်းအဆင့် ၃၂ဦးတို့အတွက် ပညာသင်ထောက်ပံ့ကြေး၊ ကျောင်းဝတ်စုံများ၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်သည်။ **(ယာပုံ)**

အခမ်းအနားတွင် အားကစားဝန်ကြီးဌာနက နေပြည်တော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းသားသမီးများ၏ ပညာသင်ကြားမှုအတွက် ထောက်ပံ့ပေးသော ထောက်ပံ့ကြေးငွေနှင့် ထောက်ပံ့ပစ္စည်းများ၏ စုစုပေါင်း တန်ဖိုးမှာ ငွေကျပ် ၆၇၉၉၂၀ ဖြစ်သည်။ **(သတင်းစဉ်)**

မုန်တိုင်းသင့် ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်း အသီးသီးမှ ငွေနှင့်ထောက်ပံ့ရေးပစ္စည်းများလှူဒါန်း

နေပြည်တော် ဇွန် ၂၇

မုန်တိုင်းသင့် ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများနှင့် တပ်မတော်သား မိသားစုများက အမျိုးသားရေး စိတ်ဓာတ်အရင်းခံဖြင့် ငွေနှင့် ထောက်ပံ့ရေးပစ္စည်းများကို ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိရာ စစ်ကိုင်းတိုင်းမှ စေတနာရှင် ပြည်သူများက ငွေကျပ် ၄၉၄၂၂၁၁၀တန်ဖိုးရှိ ဆန် ၉၆၄အိတ်၊ အဝတ်အထည်မျိုးစုံနှင့် စားသောက်ကုန်ပစ္စည်းမျိုးစုံ၊ ကရင်ပြည်နယ်မှ စေတနာရှင် ပြည်သူများက ငွေကျပ် ၃၆၀၀၀၀နှင့် မွန်ပြည်နယ်မှ စေတနာရှင် ပြည်သူများက ငွေကျပ် ၇၉၉၃၀တို့ကို ပေးအပ်လှူဒါန်းကြပြီး ဘဏ္ဍာငွေ လက်ခံရေးနှင့် ထုတ်ပေးရေး ဆပ်ကော်မတီသို့ လာရောက်လှူဒါန်း ငွေကျပ် ၃၇၁၀၆၄၀၀ အပါအဝင် စေတနာရှင် ပြည်သူများ၏ ယမန်နေ့လှူဒါန်းသည့် ငွေနှင့်ထောက်ပံ့ရေး ပစ္စည်း စုစုပေါင်း တန်ဖိုးငွေမှာ ငွေကျပ် ၈၆၉၆၈၄၄၀ဖြစ်သည်။

လှူဒါန်း

ဇွန် ၂၆ရက် အထိ လှူဒါန်းသည့် ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေ ၁၃၂၂၁၇၇၉၀၅၉ ကျပ် ရှိပြီဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

လပွတ္တာမြို့နယ် ကယ်ဆယ်ရေးစခန်းများ ငှက်ဖျားရောဂါ တိုက်ဖျက်ရေးဆောင်ရွက်

ရန်ကုန် ဇွန် ၂၇

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက် ကြီးကြပ်မှုဖြင့် ပဲခူးတိုင်း (ဒေသဆိုင်ရာရောဂါစုံစမ်းထောက်လှမ်းရေးအရာရှိ) ဒေါက်တာနီနီအေး ဦးဆောင်သော အဖွဲ့ဝင် ခုနစ်ဦးတို့သည် ဇွန် ၂၃ရက် ညနေပိုင်းက လပွတ္တာမြို့နယ် (၃)မိုင် ကယ်ဆယ်ရေးစခန်းနှင့် (၅)မိုင် ကယ်ဆယ်ရေးစခန်းတို့၌ ငှက်ဖျားရောဂါပိုး သယ်ဆောင်နိုင်သောခြင်များကို ရှာဖွေဖမ်းဆီးစုဆောင်း လေ့လာခဲ့ကြသည်။

ကျန်းမာရေးပညာပေး

ဇွန် ၂၄ရက် နံနက်ပိုင်းက ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့နှင့်အတူ လပွတ္တာမြို့နယ်မှ ငှက်ဖျားကွင်းဆင်းအဖွဲ့ သုံးဦးတို့သည် (၅)မိုင် ကယ်ဆယ်ရေးစခန်းနှင့် (၃)မိုင်ကယ်ဆယ်ရေးစခန်းတို့၌ ပြည်သူများအား ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါနှင့် ပတ်သက်၍ ကျန်းမာရေးပညာပေးခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်း၊ အသက်နှစ်နှစ်မှ ကိုးနှစ်အတွင်း ကလေးငယ်များအား ဘေလုံးစမ်းသပ်စစ်ဆေးခြင်း၊ ဖျားနာနေသော ကလေးနှင့်လူကြီးများအား သွေးဖောက်၍ ဓာတ်ခွဲစစ်ဆေးခြင်း၊ ရောဂါပိုးတွေ့ရှိသူအား ငှက်ဖျားဆေးပေးခြင်း၊ သုံးစွဲသိုလှောင်ရေများနှင့် ရေအိုင်၊ စမ်းချောင်းတို့၌ ပိုးလောက်လမ်းများ ရှာဖွေစစ်ဆေးခြင်း၊ ဆေးဖျန်းခြင်း၊ ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဒုတိယဝန်ကြီးဦးကျော်သူ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့်အဖွဲ့ဝင်များ လေဘေးသင့် ဘိုကလေးမြို့နယ် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများသွားရောက်လေ့လာ

ရန်ကုန် ဇွန် ၂၇

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ အာဆီယံလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌနှင့် အာဆီယံအတွင်းရေးမှူးချုပ် Dr. Surin Pitsuwan၊ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်၊ ကုလသမဂ္ဂ အာရှနှင့်ပစိဖိတ်ဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် အမှုဆောင် အတွင်းရေးမှူး Ms. Noeleen Heyzer၊ အာဆီယံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းအဖွဲ့ဝင်များ၊ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သည့် လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်သောလေ့လာရေးအဖွဲ့သည် ဧရာဝတီတိုင်း လေဘေးသင့်သည့် ဘိုကလေးမြို့နယ်၌ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုလေ့လာရန် ယမန်နေ့နံနက် ၁၀နာရီက ရန်ကုန်မြို့မှ ဘိုကလေးမြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

မေးမြန်း

ရှေးဦးစွာဘိုကလေးမြို့ လေဘေးကယ်ဆယ်ရေးကွပ်ကဲမှုရုံးခန်းမ၌ ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးသိန်းက လေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားရာ အာဆီယံ အတွင်းရေးမှူးချုပ် Dr.Surin Pitsuwan နှင့် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် Ms. Noeleen Heyzer တို့က သိရှိလိုသည်များကို မေးမြန်းကြသည်။

ဆေးကုသပေး

ထို့နောက် လေ့လာရေး အဖွဲ့သည် ဘိုကလေးမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ကြပြီး ပြင်ပလူနာဌာနနှင့် လူနာဆောင်များ၌ ကျန်းမာရေးဝန်ကြီးဌာနမှ အထူးကုဆရာဝန်များအဖွဲ့က လေဘေးသင့်လူနာများအား ဆေးကုသပေးနေမှုကို ကြည့်ရှုလေ့လာကြသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် လေ့လာရေးအဖွဲ့သည် ဘိုကလေးမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းသားကျောင်းသူများ ပညာသင်ယူနေမှုများကို ကြည့်ရှုအားပေးကြကာ ဘိုကလေးမြို့ရှိအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ထားမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ရှင်းလင်းပြသ

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့သည် ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြပြီး မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း နေရာတွင် ယာယီစာသင်ဆောင်များဆောက်လုပ်၍ ကျောင်းသားကျောင်းသူများအား ပညာသင်ကြားပေးနေမှုများနှင့် လေဘေးသင့် မိသားစုများအတွက် နိုင်ငံတော်၏ ဦးဆောင်စီစဉ်မှုဖြင့် တိုင်းရင်းသား လုပ်ငန်းရှင်များက ပံ့ပိုးလှူဒါန်းရန် တည်ဆောက်လျက်ရှိသည့် လူနေအိမ်များကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ကြိမ်ချောင်းကြီးကျေးရွာ

ဆက်လက်၍ လေ့လာရေးအဖွဲ့သည် ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြပြီး လေဘေးသင့်မိသားစုများအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များက ပံ့ပိုးလှူဒါန်းရန် တည်ဆောက်နေသည့် လူနေအိမ်များနှင့် ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ယာယီ စာသင်ဆောင် ဆောက်လုပ်၍ ကျောင်းသားကျောင်းသူများအား ပညာသင်ကြားပေးနေမှုတို့ကို လိုက်လံကြည့်ရှု လေ့လာကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့သည် ကြိမ်ချောင်းကြီးကျေးရွာမှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး လမ်းတစ်လျှောက်ရှိ လေဘေးသင့် မြို့၊ ရွာများ ပြန်လည်တည်ဆောက်ထားရှိမှုများ၊ မိုးစပါးထွန်ယက်စိုက်ပျိုးနေမှု၊ ရေလုပ်ငန်းလုပ်ကိုင်နေမှု အခြေအနေများကို ကြည့်ရှု လေ့လာကြကာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ အာဆီယံလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌနှင့် အာဆီယံအတွင်းရေးမှူးချုပ် Dr.Surin Pitsuwan ၊ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် ကုလသမဂ္ဂအာရှနှင့် ပစိဖိတ်ဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် အမှုဆောင် အတွင်းရေးမှူး Ms. Noeleen Heyzer နှင့် အဖွဲ့ဝင်များ၊ ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်း ယာယီစာသင်ဆောင် ဆောက်လုပ်၍ ကျောင်းသား ကျောင်းသူများအား ပညာသင်ကြားပေးနေမှုကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ခေတ္တညွှန်/ချုပ် ကချင်ပြည်နယ်အတွင်း လုပ်ငန်းများစစ်ဆေး

ရန်ကုန် ဇွန် ၂၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးခင်ကြူးသည် တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၁၆ရက် နံနက်က မြစ်ကြီးနားမြို့ လူငယ်သင်တန်းကျောင်း အမှတ်(၁)သို့ ရောက်ရှိကာ ကျောင်းအတွင်း သီးပင်၊ စားပင်များ စိုက်ပျိုးထားရှိမှု အခြေအနေ၊ ကျောင်းဝင်းအတွင်း ရေရရှိမှုကိစ္စများနှင့် ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်နေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် လူငယ်သင်တန်းကျောင်း အမှတ်(၂)သို့ ဆက်လက်သွားရောက်ကာ ကျောင်းဝင်းအတွင်း လမ်းများဖောက်လုပ်ထားရှိမှုနှင့် ကျောင်းသားများအတွက် ချက်ပြုတ်ကျွေးမွေးမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ပြည်နယ်၊ ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး(မြစ်ကြီးနား)သို့ ရောက်ရှိကာ ဝန်ထမ်းများ တာဝန်ထမ်းဆောင်နေမှုအခြေအနေ၊ ဒေသတွင်း ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းအောင်က ရှင်းလင်းတင်ပြပြီး ခေတ္တညွှန်ကြားရေးမှူးချုပ်က ဝန်ထမ်းများ၏ လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မှာကြား

ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် မြစ်ကြီးနားမြို့မှဆက်လက်ထွက်ခွာလာရာ ဝိုင်းမော်မြို့နယ် ဆဒုံးမြို့သို့ ရောက်ရှိပြီး ရေရရှိရေး ဆောင်ရွက်ထားမှု၊ မြို့နယ်တွင်း လမ်းများ ကောင်းမွန်စွာ ခင်းကျင်းနိုင်ရေးတို့ကို မှာကြားသည်။ ဆက်လက်၍ ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ဗန်းမော်မြို့ အမျိုးသမီးအိမ်တွင်းမှု သင်တန်းကျောင်းသို့ ရောက်ရှိကာ သင်တန်းသူကလေးများ လက်မှုပညာသင်ကြားနေမှု အခြေအနေ အားကြည့်ရှုစစ်ဆေးပြီး **(ဝဲပုံ)** လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ထို့နောက် ဗန်းမော်မြို့မှ ဆက်လက်ထွက်ခွာလာရာ ဒေါ့ဖုန်းယန် အမျိုးသမီးအိမ်တွင်းမှု သင်တန်းကျောင်း၊ ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (ဒေါ့ဖုန်းယန်)သို့ ရောက်ရှိစစ်ဆေးသည်။ **(က-ပ)**

28-6 (12).pmd 1 6/28/2008, 2:57 AM

ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးမှုနှင့် အသက်ဘေးမှ ကာကွယ်မှုပေးနိုင်မည့် သာပေါင်း-ကဒုံကနီလမ်းပိုင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

သတင်းဆောင်းပါး
မောင်မောင်ထွေး(သတင်းစဉ်)
ဓာတ်ပုံ
ခင်မောင်ဝင်း(ကြေးမုံ)

ရန်ကုန် ဇွန် ၂၇

နောင်တစ်ချိန် သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့ပါက လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်မည့်အပြင် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူပြုမည့် သာပေါင်း-ကဒုံကနီလမ်းပိုင်း စတင်အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့်

သာပေါင်း-ကဒုံကနီလမ်းပိုင်း ဖောက်လုပ်ရန် စက်ယန္တရားကြီးများ ရောက်ရှိမှုကို တွေ့ရစဉ်။

စပ်လျဉ်း၍ စာဖတ်ပရိသတ်များအား တင်ပြချင်ပါသည်။

လုပ်ငန်းစတင်

မိမိတို့ သတင်းအဖွဲ့ဝင်များသည် ဘိုကလေးမြို့မှ တစ်ဖက်ကမ်းသို့ကူး၍ သာပေါင်းရွာသို့ရောက်သော် စက်ယန္တရားကြီးများဖြင့် လုပ်ငန်းစတင်နေမှုကို တွေ့မြင်ရသည်။

အဆိုပါ သာပေါင်း-ကဒုံကနီလမ်းပိုင်းကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းအထူးအဖွဲ့(၁၆)က တာဝန်ယူပြီး မေ၂၅ရက်မှစ၍ လမ်းကို အကြမ်းဖျင်းလေ့လာကာ ဇွန်၉ရက်တွင် လမ်းကို မြေသန့်မင်္ဂလာ ပြုလုပ်ခဲ့ကြသည်။

အဆိုပါလမ်းမှာ လမ်းအရှည် ၃၉မိုင်၊ အကျယ် ပေ၃၀နှင့် ပျမ်းမျှအမြင့် ခြောက်ပေခွဲရှိပြီး မူလရှိပြီးတံတား သုံးစင်းအပါအဝင် ပေ ၁၀၀ အောက်တံတား ၁၁စင်းနှင့် ပေ၁၀၀ အထက်တံတား ၁၄စင်း စုစုပေါင်းတံတား ၂၈စင်းပါဝင်သည်။

အဆိုပါလမ်းပိုင်းတစ်လျှောက်တွင် သာပေါင်း၊ ညီနောင်ကြီး၊ မရမ်းခွဲ၊ ပေချောင်းကြီး၊ ကိုင်းတောဝ၊ မဂူ၊ ကြိမ်ချောင်း၊ အရှေ့မဲချောင်း၊ မုန်တိုင်းကြီး၊ ကဒုံကနီရွာကြီးများနှင့် ကျေးရွာပေါင်း များစွာပါဝင်သည်။

ထူးခြားချက်

အဆိုပါလမ်းပိုင်း၏ ထူးခြားချက်ကား နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်မှုဖြင့် နောင် သဘာဝဘေးအန္တရာယ် ကြုံတွေ့ခဲ့ပါက ဒေသခံပြည်သူတို့၏ လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်ရေးအတွက် ကျေးရွာနှင့်နီးသော လမ်းပိုင်းတစ်လျှောက်ရှိ နေရာများတွင် သာမန်အမြင့် ၁၅ပေမှ ပေ၃၀ရှိ တောင်ကုန်းများကို ဖန်တီးတည်ဆောက်သွားမည်ဖြစ်ပြီး သာမန်အချိန်ကာလများတွင် ပြည်သူများ နားနေစခန်းအသွင် တည်ဆောက်ဖောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ စီမံကိန်းလုပ်ငန်းများ သတ်မှတ်ကာလအတွင်း အမြန်ဆုံးပြီးစီးနိုင်ရေးအတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အရာထမ်း၊ အမှုထမ်းများက စက်ယာဉ်ယန္တရား ၁၈စီးဖြင့် အချိန်နှင့်တစ်ပြေးညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး မိမိတို့သတင်းအဖွဲ့ဝင်များရောက်ရှိချိန် ဇွန် ၁၃ရက်အထိ မြေသားလမ်းပေါ်ရှိ အမှိုက်များနှင့် မြက်များရှင်းလင်းခြင်း လုပ်ငန်း၊ မြေသား တာပေါင်ဖို့ခြင်း လုပ်ငန်း၊ မြေသားညှိခြင်း လုပ်ငန်း၊ မိုင်တိုင်စိုက်ထူခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြသည်။

အဆင့်မြှင့်တင်

အဆိုပါလမ်းကို လတ်တလော မြေသားလမ်းအဆင့်အဖြစ် ဆောင်ရွက်ပြီး ဆက်လက်၍ ကျောက်ချောလမ်း၊ ထိုမှတစ်ဆင့် ကတ္တရာလမ်းအထိ အဆင့်မြှင့်တင်သွားမည်ဖြစ်ကာ ကွင်းဆင်းတိုင်းတာမှုများအရ အပိုင်းငါးပိုင်းခွဲ၍ ဆောင်ရွက်လျက်ရှိသည်။ သာပေါင်းရွာမှ ကိုင်းတောကြီးအပိုင်း ခြောက်မိုင်၊ ကိုင်းတောကြီးမှ ရေကျော်ဂေါက်အပိုင်း ရှစ်မိုင်၊ ရေကျော်ဂေါက်မှ ကြိမ်ချောင်းအပိုင်း ရှစ်မိုင်၊ ကြိမ်ချောင်းမှ အရှေ့မဲချောင်း ခုနစ်မိုင်နှင့် အရှေ့မဲချောင်းမှ ကဒုံကနီအပိုင်း ၁၀မိုင် စုစုပေါင်း၃၉မိုင်ကို အပိုင်းလိုက် ဖောက်လုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

မိမိတို့ သတင်းအဖွဲ့ဝင်များသည် အဆိုပါလမ်းပိုင်း ဖောက်လုပ်နေမှုနှင့် စပ်လျဉ်း၍ အနီးဝန်းကျင်တစ်လျှောက် ကျေးရွာများရှိ ပြည်သူများ၏ ဆန္ဒ

"လမ်းဖောက်လုပ်ရေးမှာ အခမဲ့ လုပ်အားခိုင်းစေမှု လုံးဝမရှိပါဘူး။"
ဦးစန်းဦး
ဥက္ကဋ္ဌ၊ သာပေါင်းကျေးရွာ
အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီ

သဘောထား၊ ရင်တွင်းခံစားချက်များကို လက်လှမ်းမီသမျှ မေးမြန်းကြည့်ရာ ရှေးဦးစွာ သာပေါင်းကျေးရွာနေ ကိုမိုးကျော်က "ကျွန်တော် ဒီရွာမှာ နေထိုင်လာတာ ၁၀နှစ် ရှိပါပြီ။ ရေဘေးကြုံစဉ်က ပထမ ကျွန်တော်တို့မိသားစု တာဘေးမှာ သွားနေကြပါတယ်၊ နောက်တော့ မိသားစုတွေ ဘုန်းကြီးကျောင်းမှာ သွားပြီးခိုနေကြပါတယ်၊ ကျောင်းက မပြိုလို့ အသက်ရှင်ကျန်ခဲ့ကြတာပါ၊ အခု ဒီလမ်းကြီးကို နောင်ရေဘေးတွေများ ကြုံတွေ့ခဲ့ရင် ရှောင်ပုန်းနိုင်အောင် လမ်းအမြင့်ကြီးလုပ်မယ်လို့ ကြားသိရတော့ ကျွန်တော်အပါအဝင် ရွာသူရွာသားတွေလည်း အလွန်ဝမ်းသာနေကြပါတယ်။ ကျွန်တော်တို့ရဲ့ အသက်အန္တရာယ်တွေကို ကာကွယ်နိုင်မှာဖြစ်သလို၊ ဒီလမ်းတစ်ခုရှိတဲ့အတွက် ဆက်သွယ်သွားလာရေးမှာ အားကိုးရာတစ်ခုလည်း ဖြစ်ပါတယ်။ မဟုတ်ရင် ရေတက်လာရင် ဘယ်သွားနေကြမလဲ၊ ဒါကြောင့် အားလုံးက ဝမ်းသာနေကြပါတယ်။ ကျေးဇူးလည်းတင်နေကြပါတယ်"ဟု နှလုံးသားထဲမှ အူလှိုက်သည်းလှိုက်အသံဖြင့် ပြောကြားသွားသည်။

အဆင့်ပြေ

ဆက်လက်၍ ညီနောင်ကျေးရွာမှ အသက်၅၅နှစ်အရွယ်ရှိ ဦးမောင်ကြီးကလည်း "ကျွန်တော်ဒီရွာမှာ နေတာ မွေးကတည်းကပါ။ မုန်တိုင်းတိုက်စဉ်က ခါးတစ်ဝက်လောက် ရေမြုပ်လာတာ ကျွန်တော်တို့ မသေရုံတစ်မည်ပါပဲ၊ အလင်းရောင်လေးလာမှပဲ ခေါင်းထောင်လို့ရတယ်၊ အခုဒီလမ်းကြီးမှာ ရေဘေးခိုလှုံလို့ရတဲ့ လမ်းပိုင်းအမြင့်ကြီးတွေပါတယ်လို့ တစ်စစ ကြားသိလာရတဲ့အတွက် အကုန်လုံး ဝမ်းသာနေကြတယ်။ ကဒုံကနီအထိပါတော့ သွားရေး၊ လာရေးကလည်း ပိုအဆင်ပြေသွားတာပေါ့"ဟု ပြောကြားသည်။

ထို့နောက် မိမိတို့သတင်းအဖွဲ့ဝင်များသည် သာပေါင်းကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစန်းဦးနှင့် တွေ့ဆုံမေးမြန်းကြည့်ရာ "ပြီးခဲ့တဲ့ အတွေ့အကြုံအရ ဒီလမ်းကြီး အခုလိုဖောက်လုပ်နေတာကို ကျေးရွာသူ ကျေးရွာသားတွေ အားလုံး ဝမ်းသာနေကြပါတယ်။ လမ်းဖောက်လုပ်ရေးမှာ အတင်းအဓမ္မ လုပ်အားပေးခိုင်းစေမှု လုံးဝမရှိပါဘူး၊ အလုပ်သမားတွေနဲ့သာ ဖောက်လုပ်နေကြသလို ထိုက်တန်တဲ့ လုပ်အားခတွေပေးပြီး ဆောင်ရွက်နေကြတာကိုလည်း တွေ့မြင်ရပါတယ်"ဟု ရှင်းလင်းပြောကြားသွားသည်။

"သွားရေး၊ လာရေး ပိုအဆင်ပြေသွားတာပေါ့။"
ဦးမောင်ကြီး
ညီနောင်ကျေးရွာ

ဆန္ဒမွန်

ဤသည်တို့မှာ နိုင်ငံတော်အကြီးအကဲ၏ သားသမီးများအပေါ်ထားရှိသည့် မေတ္တာ၊ စေတနာနှင့် အမြော်အမြင်ကြီးမားမှုတို့မှ အကြောင်းခံ၍ ထွက်ပေါ်လာသော ပြည်သူတို့၏ ဆန္ဒမှန်ပဲ့တင်သံများသာ ဖြစ်ပါတော့သည်။ ။



သာပေါင်း-ကဒုံကနီလမ်းပိုင်းကို ဤသို့ စက်ယန္တရားကြီးများဖြင့် ဖောက်လုပ်လျက်ရှိသည်။

သာပေါင်း-ကဒုံကနီလမ်း

အဆိုပါလမ်းမှာ လမ်းအရှည် ၃၉မိုင်၊ အကျယ် ပေ၃၀နှင့် ပျမ်းမျှအမြင့် ခြောက်ပေခွဲရှိပြီး မူလရှိပြီးတံတားသုံးစင်း အပါအဝင် ပေ၁၀၀အောက် တံတား ၁၁စင်းနှင့် ပေ၁၀၀အထက် တံတား ၁၄စင်း စုစုပေါင်းတံတား ၂၈စင်းပါဝင်။

မန္တလေးမြို့ မဟာမြတ်မုနိဘုရားကြီး အဝင်လမ်းတစ်လျှောက် ယာဉ်ကြောရှုပ်ထွေးမှုမရှိစေရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်

မန္တလေး ဇွန် ၁၇

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် ကော်မတီဝင် ဦးမြင့်သိန်း၊ ဦးကျော်ဝင်းနှင့် ဌာနမှူးများလိုက်ပါလျက် ဇွန် ၁၀ ရက် နံနက် ၉နာရီက ချမ်းမြသာစည်မြို့နယ်အတွင်း ၆၅လမ်းမကြီးကို သိပ္ပံလမ်းမှ ၄ ရွှေဂါလမ်းအထိ ထပ်ပိုးလွှာတင်ကတ္တရာလမ်းခင်း ဆောင်ရွက်နေမှု၊ မဟာမြတ်မုနိဘုရားကြီး အဝင်လမ်းနှင့် ၈၁ လမ်းတစ်လျှောက် ယာဉ်ကြောရှုပ်ထွေးမှုမရှိစေရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သတ်မှတ်ဆောင်ရွက်မှု လုပ်ငန်းများ လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ (ယာပုံ)

ကတ္တရာလမ်းခင်း

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ်အတွင်း ၆၅လမ်းမကြီးတစ်လျှောက် သိပ္ပံလမ်းမှ ၄ ရွှေဂါလမ်းအထိ ခေတ်မီကတ္တရာဖျန်းစက်ယာဉ်ဖြင့် ထပ်ပိုးလွှာတင် ကတ္တရာလမ်းခင်း ဆောင်ရွက်နေမှု၊ လမ်းဘေးဝဲယာ ရေနုတ်မြောင်းများ ရေစီးဆင်းနေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် မဟာမြတ်မုနိဘုရားကြီးအဝင် မုခ်ဦးလမ်းသို့ ရောက်ရှိလာရာ မန္တလေးတိုင်းမော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ(မြို့တွင်း)အတွင်းရေးမှူး ဦးသိန်းလှိုင်နှင့် တာဝန်ရှိသူများက မဟာမြတ်မုနိဘုရားကြီး အဝင်မုခ်ဦးလမ်းနှင့် ၈၁လမ်းမကြီးတစ်လျှောက် ယာဉ်ကြောရှုပ်ထွေးမှုမရှိစေရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် တစ်လမ်းမောင်းစနစ်ဖြင့် ယာဉ်လိုင်းများ၊ ခရီးသွားယာဉ်များ စတင်ပြေးဆွဲနေမှု၊ ယာဉ်ရပ်နားရန်နေရာများ သတ်မှတ်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မြို့တော်ဝန်နှင့် အဖွဲ့သည် ရတနာပူရလမ်းနှင့် ၈၁လမ်းမကြီးတစ်လျှောက် ယာဉ်လိုင်းများ ခရီးသွားယာဉ်များ သတ်မှတ် တစ်လမ်းမောင်းယာဉ်ကြောအတိုင်း စတင်ပြေးဆွဲနေမှုနှင့် သတ်မှတ်ရပ်နားနေရာများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အခွန်ဌာန ဌာနမှူးနှင့် တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သိရသည်။ **(၃၁၃)**

ပင်လုံမြို့ အမှတ်(၄)ရပ်ကွက် ရွှေဖီလမ်းဘေးဝဲယာ ရေစီးရေလာကောင်းမွန်စေရန်အတွက် ရေမြောင်းအတွင်းရှိ အမှိုက်နှင့်အညစ်အကြေးများ ရှင်းလင်းနေမှုကို ဇွန် ၁၃ ရက်က မြို့တာဝန်ခံဦးစီးအရာရှိ ဦးသောင်းထွန်းဇော်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးထွန်းမင်းသိန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

စဉ့်ကိုင်မြို့၌ ပညာတန်ဆောင် စာကြည့်တိုက်ဖွင့်

စဉ့်ကိုင် ဇွန် ၁၀

စဉ့်ကိုင်မြို့နယ် စော်ရဲကျေးရွာ ပညာတန်ဆောင်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မေ ၂၇ ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ရွှေက ကျေးရွာတိုင်း စာကြည့်တိုက် ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက ဖွင့်လှစ်ပြီး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးကြသည်။

ဖွင့်လှစ်

ထို့နောက် စော်ရဲကျေးရွာ ပညာတန်ဆောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ်ကို ခရိုင်ဦးစီးအရာရှိ၊ မြို့နယ်ဦးစီးမှူးနှင့် ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ဒုံခနိ-ဒရယ်ဖြူ ကျေးလက်မြေသားလမ်းကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမောင်ဝင်းတို့ ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးမြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမိုးရန်နိုင်တို့က ရှင်းလင်းတင်ပြစဉ်။ (က-ပ)

မြို့နယ် သတင်းများ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

မိုးဦးကျကာလတွင်ဖြစ်ပွားလေ့ရှိသော ကျွဲ၊ နွား ခွာနာလျှာနာအတွက်
ကြိုတင်ကာကွယ်ရန်သတိပေးနှိုးဆော်ချက်
၁၅-၆-၂၀၀၈ ရက်

၁။ **မြန်မာနိုင်ငံအတွင်း ရောဂါကူးစက်ဖြစ်ပွားမှု**

မိုးရာသီကာလတွင် ကျွဲ၊ နွား ခွာနာလျှာနာရောဂါသည် အောက်ဖော်ပြပါအခြေအနေများကြောင့် ကူးစက် ဖြစ်ပွားလေ့ရှိပါသည်-

- လယ်ယာလုပ်ငန်းခွင်တွင် ခိုင်းစေရန်အတွက် ကျွဲ၊ နွားများ ရောင်းဝယ်ပြောင်းရွှေ့သယ်ယူကူးသန်းသွားလာရာမှ ရောဂါကူးစက်ဖြစ်ပွားခြင်း။
- ခြောက်သွေ့ပူပြင်းမှုနှင့် စိုစွတ်မှုအပြောင်းအလဲအရ ရောဂါဖြစ်ပွားမှု အခွင့်အလမ်းပိုများခြင်း။
- ကျွဲ၊ နွားများရောင်းဝယ်လွှဲပြောင်းရာတွင် ခွာနာလျှာနာရောဂါဖြစ်ပွားခဲ့သော ကျွဲ၊ နွားများမှ ရောဂါပိုးသယ်ဆောင်၍ အခြားရောဂါခုခံမှုအားနည်းသော တိရစ္ဆာန်များသို့ကူးစက်ခြင်း။
- ခွာနာလျှာနာရောဂါပိုးရပ်စ်ပိုး၏ သဘာဝအရ စိုထိုင်းဆများသော မိုးကာလတွင် လေမှတစ်ဆင့် အလွန်ဝေးကွာသော နေရာများရှိ အခြားခုခံမှုနည်းသော တိရစ္ဆာန်များသို့ ကူးစက်ခြင်း။
- ကျွဲ၊ နွားလွှတ်ကျောင်းစားကျက်များမှတစ်ဆင့် ကျွဲ၊ နွားအချင်းချင်း ထိတွေ့၍ကူးစက်ခြင်း။
- ရောဂါဖြစ်ပွားသော တိရစ္ဆာန်များအား ခွဲလှောင်ထားခြင်းမပြုလုပ်ဘဲ လွှတ်ကျောင်းသည့်အတွက် အခြားတိရစ္ဆာန်များသို့ ကူးစက်စေနိုင်ခြင်း။
- ရောဂါဖြစ်သော တိရစ္ဆာန်နှင့် ရောဂါမဖြစ်သောတိရစ္ဆာန်များကို ခြံတစ်ခုတည်းတွင် အတူတူထားရှိခြင်း။
- သိုး၊ ဆိတ်၊ ဝက်များမှ တစ်ဆင့်လည်း ကျွဲ၊ နွားသို့ရောဂါကူးစက်နိုင်ခြင်း။
- ရောဂါဖြစ်ပွားမှုကို အလေးမမူဘဲ သက်ဆိုင်ရာဒေသခံ အာဏာပိုင်အဖွဲ့အစည်းနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနများသို့ သတင်းပေးပို့မှုနောက်ကျခြင်း။
- ရောဂါဖြစ် တိရစ္ဆာန်များအား စနစ်တကျကာကွယ်ခြင်းမပြုလုပ်ဘဲ ဆေးမြီးတိုများနှင့်သာကုသခြင်း။

၂။ **ရောဂါကြိုတင်ကာကွယ်တားဆီးရေး**

ကျွဲ၊ နွား ခွာနာလျှာနာရောဂါဖြစ်ပွားပါက တောင်သူလယ်သမားအနေဖြင့် လယ်ယာလုပ်ငန်းခွင်တွင် ထိခိုက်ဆုံးရှုံးမှုများရှိနိုင်၍ အောက်ဖော်ပြပါ ရောဂါကြိုတင်ကာကွယ်မှုလုပ်ငန်းများကို တိရစ္ဆာန်ကျန်းမာရေးအသိဖြင့် သတိပြုလုပ်ဆောင်ကြပါရန် နှိုးဆော်အပ်ပါသည်-

- မိုးဦးကျကာလတွင် ကျွဲ၊ နွားများရောင်းဝယ်ပါက ခွာနာလျှာနာရောဂါဖြစ်ပွားမှုမရှိသော ဒေသမှ ကျွဲ၊ နွားများကို ရွေးချယ်ဝယ်ယူခြင်း။
- မိမိဒေသပတ်ဝန်းကျင်တွင် ခွာနာလျှာနာရောဂါဖြစ်ပွားကြောင်းသိရှိပါက မိမိပိုင်ကျွဲ၊ နွားများအား စားကျက်သို့ လွှတ်ကျောင်းခြင်းမပြုဘဲ ခြံလှောင်၍ အာဟာရဖြစ်စေနိုင်သော အစာများကို ကျွေးမွေးခြင်း။
- ရောဂါဖြစ်တိရစ္ဆာန်များအား စားကျက်သို့မလွှတ်ဘဲ ခြံလှောင်၍ သီးခြားပြုစုကုသခြင်း။
- ရောဂါဖြစ်တိရစ္ဆာန်များအား လျှာကိုကျောက်ချဉ်ရည် (၁၀ရာခိုင်နှုန်း)ဖြင့် တစ်နေ့သုံးကြိမ် ပွတ်လိမ်းပေးခြင်း။
- ခွာနာကို ဆေးကတ္တရာအရည်သုတ်လိမ်း၍ ခြောက်သွေ့သောနေရာတွင် ထားရှိခြင်း၊ ဆေးကတ္တရာအရည် မရရှိပါက မှုမှန်ဆားရည် (ဝဒသမ ၈၅ရာခိုင်နှုန်း)ဖြင့် ဆေးကြောခြင်း။
- ရောဂါဖြစ်တိရစ္ဆာန်မှ စွန့်ထုတ်သော ကျင်ကြီး၊ ကျင်ငယ်များအား စနစ်တကျစုပုံထိန်းသိမ်းရန်နှင့် ကျွဲ၊ နွားထားသည့်နေရာနှင့် ခြံပတ်ဝန်းကျင်များကို သန့်ရှင်းရေးပြုလုပ်၍ ထုံးမှုန့်ဖြူးပေးခြင်း။
- မိမိဒေသတွင် ခွာနာလျှာနာရောဂါဖြစ်ပွားကြောင်း သိရှိပါက သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်များသို့ ဆောလျင်စွာအကြောင်းကြားခြင်း၊ ရောဂါထိန်းချုပ်ရန်အတွက် ရောက်ရှိလာသော ဌာနဆိုင်ရာ အဖွဲ့အစည်းများအား ပူးပေါင်းပါဝင်ကူညီခြင်း။
- မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ဆက်သွယ်၍ လိုအပ်ပါက ကြိုတင်ကာကွယ်ဆေးများကိုထိုးနှံပေးခြင်း။

၃။ **ဆောလျင်စွာသတင်းပေးပို့ရေး** (Early Reporting)

ဒေသအာဏာပိုင်အဖွဲ့၊ သက်ဆိုင်ရာမြို့နယ်၊ ခရိုင်နှင့် ပြည်နယ်၊တိုင်းရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်များသို့ ဆောလျင်စွာသတင်းပို့၍ ရောဂါဖြစ်ပွားမှုကို လျင်မြန်စွာထိန်းချုပ်နိုင်ရေး (Rapid Response)ပူးပေါင်းဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

သီပေါမြို့၌ သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူ

သီပေါ ဇွန် ၂၁

ထေရဝါဒဗုဒ္ဓသာသနာတော်ကို စောင့်ရှောက်တော်မူကြသော သံဃာတော် အရှင်သူမြတ်များ၏ ဆွမ်းကွမ်းပြည့်စုံရေး အတွက် လပြည့်နေ့တိုင်း ဆွမ်းဆန်စိမ်း လောင်းလှူပွဲ အခမ်းအနားကို ဇွန် ၁၈ ရက်ကရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ မြို့လယ်မှော်ရုံမှ အစပြုလျက် မိုင်းပွန်လမ်းတစ်လျှောက်၌ ကျင်းပသည်။

လောင်းလှူပွဲတွင် သီပေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ကြည်နှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့နယ်သာသနာရေးဦးစီးမှူး ဦးစိုင်းမြင့်အောင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးစိုင်းပြုံးချိုနှင့် အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကျင်မြနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ်ရပ်ကွက် ၁၁ ရပ်ကွက်မှ တိုင်းရင်းသားပြည်သူ ၁၅၀၀ကျော်တို့က သီပေါမြို့အနောက်ခြမ်းဒေသရှိ ဘုန်းတော်ကြီးကျောင်းတိုက် ၁၄ ကျောင်းမှ သံဃာတော်အပါး ၅၈၀ ကျော်တို့ကို ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြသည်။

လောင်းလှူ

ဆက်လက်၍ ဝါဆိုလပြည့်နေ့တွင်လည်း သီပေါမြို့ အရှေ့ခြမ်းဒေသရှိ ဘုန်းတော်ကြီးကျောင်းတိုက်များမှ သံဃာတော်အရှင်သူမြတ်အပါး ၁၀၀၀ ကျော်တို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်လက်လောင်းလှူမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ကျောင်းကုန်း၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုး

ကျောင်းကုန်း ဇွန် ၁၇

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၅ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ ပုသိမ်-မုံရွာကားလမ်းမကြီး လမ်းဘေးဝဲယာတစ်လျှောက်တွင် ကျွန်းပျိုးပင် ၂၂၀၀တို့ကို ပုသိမ်ခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမောင်သိန်း၊ ရေကြည်၊ ကျောင်းကုန်း၊ ကံ့ပျော်တာဝန်ခံ သစ်တောဦးစီးဌာနဦးစီးအရာရှိ ဦးစိုးလှိုင်နှင့်ဝန်ထမ်းများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်သစ်တောဦးစီးဌာနတောအုပ်ဦးမြင့်သန်းကိုနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်စုများမှ ကျေးရွာဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ရွာသူရွာသားများနှင့် တောင်သူဦးကြီးများ စုစုပေါင်းအင်အား ၁၃၀၀ ကျော်တို့က စုပေါင်း၍ ကျွန်းပင်များကို စိုက်ပျိုးကြသည်။**(ဝဲပုံ) (၀၅၄)**

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ JIANG MING FENG (VEN.CHEN TUEN ABBOT), BUDDHA'S LIGHT VIHARA, BANGKOK, THAILAND & TUNG SHAN MONASTERY, QUEENSLAND, AUSTRALIA က အလှူငွေကျပ် သိန်း ၂၀ လှူဒါန်းရာ ဖောင်ဒေးရှင်းနာယက ဗိုလ်မှူးချုပ်အောင်ယဉ်လဲ(ငြိမ်း)၊ အဖွဲ့ဝင် ဦးမောင်မောင်အောင်၊ ဦးစိုးအောင်ကျော်နှင့် ဒေါ်ချောကလျာတို့ လက်ခံယူစဉ်။ (က-ပ)

ရောဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး၊ အလှူငွေများလှူဒါန်း

ရန်ကုန် ဇွန် ၂၅

ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည် အစည်းအဝေးကို ဇွန် ၁၉ရက် နံနက်၉နာရီက ပုသိမ်မြို့ တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ရုံး၌ ကျင်းပသည်။

အဖွင့်အမှာစကား

အစီအစဉ်အရ ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းမော်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာအေးကိုကိုက မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(၁၈)ကြိမ်မြောက်နှစ်ပတ်လည် အစည်းအဝေး အတွေ့အကြုံများ ရှင်းလင်းပြောကြားသည်။

သုံးသပ်တင်ပြ

ဆက်လက်၍ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာစောသန္တာမြင့်က ရှေ့လုပ်ငန်းစဉ်များနှင့် နှစ်ပတ်လည်အစည်းအဝေး သုံးသပ်ချက်များ တင်ပြကာ ခရိုင်နှင့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများက ခရိုင်နှင့်မြို့နယ်အလိုက် လုပ်ငန်း ဆောင်ရွက်ထားရှိမှုများ၊ လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်ဝင်းဝင်းမော်က ခရိုင်နှင့် မြို့နယ်အလိုက် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းများမှ တင်ပြချက်များကို ပြန်လည် ဆွေးနွေးရှင်းလင်းပြီး ၂၀၀၇ခုနှစ်အတွင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း လှုပ်ရှားမှုအကောင်းဆုံးဆုရ မြို့နယ်များအား ဆုများကို ချီးမြှင့်သည်။

လက်ခံ

ထို့နောက် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းမော်က အမျိုးသမီးမျိုးပွား အင်္ဂါကင်ဆာဝေဒနာရှင်အတွက် အလှူငွေများလှူဒါန်းရာ ပုသိမ်မြို့နယ်အတွက် တိုင်းမီးယပ်သားဖွားအထူးကု ဆရာဝန်ကြီး ဒေါက်တာ ဒေါ်သန်းသန်းအေးက အလှူငွေကျပ်လေးသောင်းကို လည်းကောင်း **(အပေါ်ပုံ)**၊ မအူပင် သားဖွားမီးယပ်ဆောင်အတွက် အလှူငွေကျပ် ငါးသိန်းကို တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးကိုကိုက လည်းကောင်း လက်ခံယူသည်။ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ထောက်ပံ့သော သားဖွားခန်းသုံးပစ္စည်းများကို တိုင်းကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး ဒေါက်တာအေးကိုကိုနှင့် အဖွဲ့ဝင် ဦးသာဒွန်းတို့က ပေးအပ်လှူဒါန်းရာ ပုသိမ်၊ ကန်ကြီးထောင့်၊ ဖျာပုံ၊ ဒေးဒရဲ၊ ဘိုကလေး၊ သာပေါင်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့က လက်ခံရယူကြသည်။

(သတင်းစဉ်)

ဖျာပုံမြို့နယ် လေဘေးသင့် ပြည်သူများအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေး

ဖျာပုံ ဇွန် ၂၀

တိုင်းရင်းဆေးပညာဦးစီးဌာန ဖျာပုံခရိုင် တိုင်းရင်းဆေးဦးစီးဌာန ခရိုင်တိုင်းရင်းဆေးမှူး ဦးအောင်တိုး ဦးဆောင်လျက် ဌာနဝန်ထမ်းများ၊ ခရိုင်တိုင်းရင်းဆေးဆရာအသင်းဝင် ဆရာ ဆရာမများသည် မေ ၇ရက်မှ စတင်၍ ဖျာပုံမြို့ပေါ် ရပ်ကွက်နှင့်ကျေးရွာများရှိ လေဘေးသင့်ပြည်သူများအား တိုင်းရင်းဆေးဖြင့် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆေးကုသပေးရာ ဇွန် ၁၉ရက်အထိ လူနာပေါင်း ၄၅၀၂ဦးကို အခမဲ့ဆေးဝါးကုသပေးခြင်းနှင့် ဆေးဝါးများ လှူဒါန်းပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အခမဲ့ဆေးဝါးကုသပေး

ဖျာပုံခရိုင် တိုင်းရင်းဆေး ကုသရေးအဖွဲ့သည် ၁၈ရပ်ကွက်တွင် ၂၅၅ဦး၊ အချာကျေးရွာတွင် ၁၂၈ဦး၊ ကျုံကူကျေးရွာတွင် ၁၄၁ဦး၊ ချောင်းတွင်းကျေးရွာတွင် ၁၁၇ဦး၊ အောက်ကွင်းကျေးရွာတွင် ၁၄၂ဦး၊ စံပြကျေးရွာတွင် ၁၅၇ဦး၊ သလိပ်ကလေးနှင့် သလိပ်ကြီးကျေးရွာတွင် ၄၂၅ဦး၊ မြို့ပေါ်လိပ်ဥကုန်းဘုရား ဘုန်းတော်ကြီးကျောင်းဝင်းတွင် ၁၂၉ဦး၊ ဖျာပုံတမံတွင် ၁၈၉ဦးနှင့် ကျုံဝါးကျေးရွာတွင် ၂၄၁ဦးတို့ကို တိုင်းရင်းဆေးဖြင့် အခမဲ့ဆေးဝါးကုသပေးခဲ့ပြီး**(ယာပုံ)**၊ ပုဂ္ဂလိကတိုင်းရင်းဆေးဆိုင်လုပ်ငန်းရှင်များမှ လှူဒါန်းသော ဆေးဝါးများ၊ ရုံးချုပ်မှ ပေးပို့လှူဒါန်းသော အဝတ်အထည်များကို လေဘေးသင့်ပြည်သူများအား ပေးအပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်ကုသပေးမည်

တိုင်းရင်းဆေးဖြင့် ကွင်းဆင်းဆေးကုသပေးပြီး ရပ်ကွက်နှင့်ကျေးရွာများမှာ ၃၇ရွာရှိပြီး ကျန်ရှိနေသေးသော ကျေးရွာများကို ဆက်လက်ကွင်းဆင်းကာ အခမဲ့ဆေးဝါးကုသပေးမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းကျော်မျိုးနှင့်အဖွဲ့ ဇွန် ၁၁ရက်က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် အတွင်း ရွှေတောင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဆောင်ရွက်သော တည်ကုန်းကြီး ကျေးရွာအုပ်စု အတွင်းရှိ လေးဒေါင့်ကန် - တည်ကုန်းကြီး- ကျောင်းကုန်းမြေသားလမ်း ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

မိုးမောက်မြို့၌ သဲကျောက်လမ်းခင်း လုပ်ငန်းဆောင်ရွက်

မိုးမောက် ဇွန် ၁၉

ကချင်ပြည်နယ် မိုးမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ဇွန် ၁၁ ရက်က ကြေးနန်းရပ်ကွက်ရှိ ကြံခင်းကျောင်းရှေ့ သဲကျောက်ခင်းခြင်း လုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးနူးဆောင်နှင့်အဖွဲ့ရုံးဝန်ထမ်းများဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မောင်ထွေး ကြီးကြပ် ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

မိုင်းပန်မြို့၌ စီမံကိန်း တာဝန်ပေးအပ်

လင်းခေး ဇွန် ၁၃

လင်းခေးခရိုင် မိုင်းပန်မြို့နယ်၏ ၂၀၀၈-၂၀၀၉ခုနှစ် စီမံကိန်းတာဝန် ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၆ရက် နံနက် ၈နာရီက နမ့်ပန်ခန်းမဆောင်၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် မိုင်းပန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုင်းစံဝင်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စီမံကိန်းဦးစီးအရာရှိ ဦးတေဇာလင်းက စီမံကိန်းတာဝန်ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ သုံးသပ် ရှင်းလင်းသည်။

ပေးအပ်

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာဦးဇော်ဝင်းထွန်း၊မြေစာရင်းဦးစီးဌာနမှူး ဦးသောင်းထွန်း၊ သစ်တောဦးစီးဌာနမှူး ဦးဝင်းမြင့်နိုင်တို့က စီမံကိန်း ရည်မှန်းချက် တာဝန်များကို ကဏ္ဍအလိုက် အသေးစိတ် ရှင်းလင်းပြီး စီမံကိန်း တာဝန်များကို တာဝန်ရှိသူများက ဌာနဆိုင်ရာနှင့် ရပ်ကွက်၊ ကျေးရွာ ဥက္ကဋ္ဌများသို့ ကဏ္ဍအလိုက် ပေးအပ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် ဇွန် ၃ရက်က တောင်ငူမြို့ အထက(၁)ကျောင်းအတွင်း ခြင်ဆေးဖျန်းခြင်းကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းဇော်ချစ်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိုးနှင့် ကျန်းမာရေးမှူး(၂) ဦးမြတ်သူတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မုံရွာအကျဉ်းဦးစီးဌာန ဝန်ထမ်းသားသမီးများ စာရေးကိရိယာနှင့် ပညာသင်စရိတ်ထောက်ပံ့

မုံရွာ ဇွန် ၁၈

မုံရွာအကျဉ်းဦးစီးဌာန၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်အတွက် ဝန်ထမ်းမိသားစုများအား ပညာသင်ထောက်ပံ့ကြေးနှင့် စာရေးကိရိယာများ ထောက်ပံ့ခြင်း အခမ်းအနားကို မေ၃၀ရက် နံနက်၉နာရီက အကျဉ်းဦးစီး သလ္လာသီရိရိပ်သာ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင်တာဝန်ခံအရာရှိဦးခင်အေးမောင်က ပညာသင်စရိတ် ထောက်ပံ့ငွေနှင့် စာရေးကိရိယာများ ထောက်ပံ့ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားပြီး ပညာသင်စရိတ်ထောက်ပံ့ငွေကျပ် ၉၃၀၀၀ နှင့်တန်ဖိုးငွေကျပ်၆၃၁၅၀ရှိ စာရေးကိရိယာ ပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ငြင်းချက်ထုတ်ရန် သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်း-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၀၈ ခုနှစ် တရားမကြီးမှုအမှတ်-၉၂

ဒေါ်မိသန်းမွန် (၎င်း၏အခွင့်ရကိုယ်စားလှယ်-ဦးလှသိန်း)	**နှင့်**	ဒေါ်သန်းသန်းဝင်း အမှတ် ၆၉၇၊ ပုဂံ ၂၇လမ်း၊ ၅ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။
တရားလို		**တရားပြိုင် (ယခုနေရပ်လိပ်စာမသိ)**

အထက်ပါအမှုမှ တရားပြိုင်ဒေါ်သန်းသန်းဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ဈေးဆိုင်ခန်းနှစ်ခန်းအား ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် လက်ရောက်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၈ခုနှစ် ဇူလိုင် ၁၈ရက် (၁၃၇၀ပြည့်နှစ် ဝါဆိုလပြည့်ကျော် ၁ ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၈ခုနှစ် ဇွန် ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **စိန်လှ (တ/၁၄၇၁)**
ခရိုင်တရားသူကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။

အမည်ပြောင်း

အဖ ဦးဇော်လှုံး၏သမီး တနိုင်းမြို့ အထက (နဝမတန်း)မှ မရွှေဝိအား မဂျာနူးဆိုင်းဟု ပြောင်းလဲခေါ်ပါရန်။**မဂျာနူးဆိုင်း။**

အမည်ပြောင်း

အဖ ဦးဖိုးအောင်၏သမီး မိုးကောင်းမြို့ အထက(၁) ပထမတန်းမှ မဆုဝေနှင်းအား မဆုရတနာကျော်ဟု ပြောင်းလဲခေါ်ပါရန်။
မဆုရတနာကျော်။

ကျေးဇူးဆပ်ပါမည်

ဘုန်းဘုန်း၏ PP.No ၆၇၇၈၃၁ နှင့် သာသနာဝင်အမှတ် ၁၂/ရကန (သ) ၀၀၀၅၉၇ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။ **ဖုန်း-၆၆၄၇၆၂၊၀၁-၅၅၅၄၇၂။**

ရောင်းမည်

အဆင့်မြင့်မင်္ဂလာဈေး တတိယထပ် (ကုန်မျိုးစုံ) ၈၅ သိန်း (ညှိနှိုင်းဈေး)
ဖုန်း-၂၅၆၆၆၂၊၀၉-၉၉-၂၈၃၅၁။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန် တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အမှုထမ်းရပ်ကွက် ဦးပိုင်အမှတ် က/၇၀/ချ ကျိုက်ဖောဓိ(မြောက်) မြေကွက်အမှတ် ၂၆၊ မြေဧရိယာ ၀ဒသမ ၀၅၅ဧကရှိ အလျားအနံ ပေ(၄၀×၆၀)ရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ တစ်ထပ်အိမ် အိမ်အမှတ် ၃၀ ဘဏ်လမ်း အမှုထမ်းရပ်ကွက် သန်လျင်မြို့နယ်ဟုခေါ်တွင်သော မြေကွက်အပါအဝင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ရှင်ထံမှ ကျွန်ုပ်၏မိတ်ဆွေသည် အရောင်းအဝယ်ပြုငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေး၍ ဝယ်ယူရာ ဤကြော်ငြာပါသည့်ရက်မှ တစ်ပတ်အတွင်း ကန့်ကွက်လိုသူများသည် အထောက်အထားစာချုပ်စာတမ်းဖြင့် ကျွန်ုပ်ထံတွင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်က အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **ဝယ်သူ၏ညွှန်ကြားချက်အရ-**
ဒေါ်မဥ္ဇူ
တရားရုံးချုပ်ရှေ့နေ(စဉ်-၆၄၉၄)
အခန်း-၂/၃၀၁ တတိယထပ်
၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
တောင်ကြီးမြို့၊ ရှမ်းပြည်နယ်တရားရုံးတော်၌
၂၀၀၈ခုနှစ် တရားမဇာရီမှုအမှတ် -၃

ဒေါ်နန်းလှသီ	**နှင့်**	၁။ ဦးစိုင်းချစ်အောင် ၂။ ဒေါ်နန်းကြာယုံ
တရားနိုင်		**တရားရှုံးများ**

ရှမ်းပြည်နယ်တရားရုံး တောင်ကြီးမြို့၏ ၂၀၀၇ခုနှစ် တရားမကြီးမှုအမှတ်-၁၂၃တွင် ရရှိသောငွေဒီကရီ ၁၄၇၂၁၂၃ကျပ်အတွက် အောက်ဖော်ပြပါပစ္စည်းကို ပစ္စည်းတည်ရှိရာအရပ်၌ ၂၀၀၈ခုနှစ် ဩဂုတ် ၅ရက် (၁၃၇၀ပြည့်နှစ် ဝါခေါင်လဆန်း ၄ရက်) နံနက် ၁၀နာရီအချိန်တွင် လေလံတင်ရောင်းချလိမ့်မည်။ မည်သူမဆို ကိုယ်တိုင်ဖြစ်စေ၊ တရားဥပဒေနှင့်အညီ လွှဲအပ်ထားသည့် ကိုယ်စားလှယ်ဖြင့်ဖြစ်စေ လေလံဆွဲဝယ်ယူနိုင်သည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

တောင်ကြီးမြို့ သစ်တောရပ်ကွက် ကမ္ဘောဇလမ်း အိမ်အမှတ်- ၉၀/ခဟု ခေါ်တွင်သည့် ဦးပိုင်အမှတ် (၂၉/၇၉-င)၊ အကွက်အမှတ် (၃၉/သစ်တောရပ်)၊ ဧရိယာ ၀ဒသမ ၁၀၉ ဧကရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ နှစ်ထပ်အာရ်စီ တိုက်နေအိမ်တစ်လုံး အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်များအားလုံး။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၃၆၀။

ရောင်းချရန် စည်းကမ်းချက်များ

(၁) စာရင်းတွင်ဖော်ပြပါ အချက်များသည် တရားနိုင် တရားရှုံးတို့က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းချက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ခုနှစ် ဇွန် ၂၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်ကိုယ်တိုင် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။
ဝင်းမြင့်ဦး
ပြည်နယ်တရားသူကြီး၊ ရှမ်းပြည်နယ်တရားရုံး၊ တောင်ကြီးမြို့။



ငြင်းချက်ထုတ်ရန် သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပေါင်းတည်မြို့နယ်တရားရုံး
၂၀၀၈ ခုနှစ် တရားမကြီးအမှုအမှတ်-၁၆

ဒေါ်ကြည်ကြည် ထန်းသုံးခွကျေးရွာ ထန်းသုံးခွကျေးရွာအုပ်စု ပေါင်းတည်မြို့နယ်။	**နှင့်**	၁။ ဒေါ်မြင့်မြင့်သန်း ထန်းသုံးခွကျေးရွာ ထန်းသုံးခွကျေးရွာအုပ်စု ပေါင်းတည်မြို့နယ်။ ၂။ ဦးစိုးသိန်း ဘိုကလေးမြို့ (နေရပ်လိပ်စာမသိ)
တရားလို		**တရားပြိုင်များ**

ယခုအမှုမှ (၂)တရားပြိုင် ဦးစိုးသိန်း (နေရပ်လိပ်စာမသိသူ) သိစေရမည်။

ပေါင်းတည်မြို့နယ် ထန်းသုံးခွကျေးရွာအုပ်စု ထန်းသုံးခွကျေးရွာနေ ကွယ်လွန်သူ အမွေရှင်ဒေါ်စန်းရီ(ဘ)ဦးဖိုးခင့်၏ ပစ္စည်းများအား အမွေဆိုင် ဒေါ်ကြည်ကြည်(ဘ)ဦးဖိုးခင်မှ ကျန်အမွေဆိုင် ဒေါ်မြင့်မြင့်သန်း(ဘ)ဦးဖိုးခင်နှင့် ဦးစိုးသိန်း(ဘ) ဦးဖိုးခင့်တို့နှစ်ဦးအပေါ် အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်သက်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၈ ခုနှစ် ဇူလိုင် ၁၈ရက် (၁၃၇၀ ပြည့်နှစ် ဝါဆိုလပြည့်ကျော် ၁ရက်) မွန်းမတည့်မီ နံနက် ၉:၃၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။

၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။

၎င်းအပြင် တရားလိုကကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် လူကြီးမင်း၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၈ခုနှစ် ဇွန် ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အောင်ကျော်သိန်း
မြို့နယ်တရားသူကြီး
ပေါင်းတည်မြို့နယ်တရားရုံး။

အမည်ပြောင်း

အောင်ပန်း အထကအဌမတန်း (A)မှ မထက်ထက်ဖြိုးအားယနေ့မှစ၍ ရှင်မင်းထက်ဟု ပြောင်းလဲခေါ်ပါရန်။ **ရှင်မင်းထက်။**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် မြို့သာယာ လှပရေးလုပ်ငန်းဖြစ်သော မြို့သစ်ရပ်ကွက်တွင် ပန်းခုံ ၃၀ တည်ဆောက်ခြင်းနှင့် မြို့သာယာလှပရေး ဆောင်ရွက်မှုလုပ်ငန်းကို ဇွန် ၉ ရက်က အမှုဆောင်အရာရှိ ဦးညွန့်ဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မောင်းတို့ ကွင်းဆင်းစစ်ဆေးရာ အငယ်တန်း အင်ဂျင်နီယာ(၂)ဦးချမ်းသာအောင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

မေ ၁၇ရက်က ပုလောမြို့ အမှတ် ၄ရပ်ကွက် နှစ်ထပ်လမ်း လမ်းဘေးဝဲယာတစ်လျှောက် ရေနုတ်မြောင်းတူးဖော်ခြင်းနှင့် ပေါင်းမြက်များရှင်းလင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် အမှတ် ၄ရပ်ကွက် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်နိုင်ဦးနှင့် အငယ်တန်းအင်ဂျင်နီယာဦးမျိုးမင်းအောင်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

အလင်းရောင်ပညာရေး အကျိုးဆောင်ကော်မတီ ပညာသင်စရိတ်၊ ကျောင်းသုံးဖတ်စာနှင့် စာရေးကိရိယာပေးအပ်

ဖျာပုံ ဇွန် ၂၅

အလင်းရောင်ပညာရေး အကျိုးဆောင်ကော်မတီ၏ သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ပညာသင်စရိတ်၊ ကျောင်းသုံးဖတ်စာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၂ ရက်မွန်းလွဲပိုင်းက ဖျာပုံမြို့အမှတ် ၁၅ ရွှေနတ်ကူဘုရားလမ်း ငြိမ်းချမ်းမင်္ဂလာခန်းမ၌ ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင်သဘာပတိအဖြစ် ဦးအောင်ဝင်း(သတင်းထောက်)က အဖွင့်အမှာစကားပြောကြားပြီး ဦးသောင်းညွန့်(သတင်းထောက်)က ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ထောက်ပံ့ပေးအပ်သည့် အခြေအနေများကို ရှင်းလင်းတင်ပြ၍ အလှူရှင်များဖြစ်သည့် ဦးညွန့်မောင်သျှိန်၊ ဒေါက်တာအမ်အီးမာယသ်နှင့် ဦးအေးမြင့်တို့ကဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် ငွေကျပ်တစ်သိန်းအထက် အလှူရှင်များအား ဆရာဦးဌေးလွင်ကဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ရာ အလှူရှင်များက လက်ခံယူကြသည်။**(အောက်ပုံ)**

ထောက်ပံ့ပေးအပ်

ဆက်လက်၍ တာဝန်ရှိသူများက ကျောင်းသုံးဖတ် စာအုပ်၊ ဗလာစာအုပ်၊ ကျောပိုးအိတ်၊ ကျောင်းဝတ်စုံ၊ ကွန်ပါဘူး၊ ပေတံ၊ ခဲတံ၊ ဘောပင်နှင့် ကျောင်းအပ်နှံစရိတ်တို့ကို ကျောင်းသား ကျောင်းသူ တစ်ဦးချင်းစီ ထောက်ပံ့ပေးအပ်သည်။

အလင်းရောင် ပညာရေးအကျိုးဆောင်ကော်မတီအနေဖြင့် ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တွင် မူလတန်း ၁၁၀၊ အလယ်တန်းနှင့် အထက်တန်း ၇၅ ဦးတို့အား ထောက်ပံ့ပေးကြောင်း သိရသည်။ **(၁၃၈)**

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- **မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။**
- **မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။**

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နိုးဆော်အပ်ပါသည်။

✳ ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေး ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။

✳ လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နိုးဆော်အပ်ပါသည်။

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သော သဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစား ပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး	ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း-၀၆၇ ၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး	ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

လေဘေးသင့်ဒေသများ၌ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ တပ်မတော် (ရေ) ဆက်လက်ပါဝင်ဆောင်ရွက်

နေပြည်တော် ဇွန် ၂၇

လေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၆ရက်က လေဘေးသင့်မြို့နယ်များရှိ ကျေးရွာများ၌ အခြေပြုလျက်ရှိသော စစ်ရေယာဉ်များသည် သက်ဆိုင်ရာ ကွပ်ကဲမှုစခန်းများနှင့်ပူးပေါင်း၍ ကျေးရွာသန့်ရှင်းရေး လုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် နယ်မြေလုံခြုံရေး တာဝန်များကို ဆောင်ရွက်လျက်ရှိပြီး တပ်မတော်(ရေ)မှ စစ်ရေယာဉ်များအနေဖြင့် ယမန်နေ့အချိန်အထိ ကုန်ပစ္စည်း ၂၅၅၅ ဒသမ ၈၄၅ တန် သယ်ယူပို့ဆောင်ပေးနိုင်ခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၁ ✳

လေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိရာ တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များ စစ်ရေယာဉ်များဖြင့် လေဘေးသင့်မြို့နယ်များရှိ ကျေးရွာများအရောက် သောက်သုံးရေများ ဖြန့်ဝေပို့ဆောင်ပေးစဉ်။(သတင်းစဉ်)